# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက် | ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၅)၊ အမှတ်(၁၇၂)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

## တပ်မတော်သား ဆရာဝန်များဖြစ်သည့်အတွက် စစ်သည်တော်ကောင်းစိတ်ဓာတ်နှင့် ဆရာဝန်ကောင်းစိတ်ဓာတ်တို့ နှစ်မျိုးစလုံး ပြည့်စုံနေရန်လို

နေပြည်တော် ဒီဇင်ဘာ ၁၀

တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၆) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော် ဆေးတက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းမှူးများ၊ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် မင်္ဂလာဒုံတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၆) မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်း အောင်ကျော်မိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။






# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME) များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင် ဆောင်ရွက်ရေး။

# ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ်၊ ၅၁ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)
ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ ဦးကျော်နိုင်ဝင်း အား စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁ - ၁၂ - ၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၂၅ | ၂၆၄၀ | ၂၆၀၅ | ၂၅၄၀ | ၂၆၄၅ | ၂၆၆၀ | ၂၆၇၅ | ၂၅၉၅ | ၄၅၀၅ | ၂၈၉၀ | ၂၆၁၀ | ၂၈၂၅ | ၂၆၈၅ | ၂၆၅၀ | ၂၆၇၀ | ၂၈၃၅ |
| 95 Ron | ၂၆၁၀ | ၂၇၂၅ | ၂၆၉၀ | ၂၆၂၅ | ၂၇၃၀ | ၂၇၄၅ | ၂၇၆၀ | ၂၆၀၀ | ၄၅၆၀ | ၂၈၇၅ | ၂၇၀၀ | ၂၈၀၅ | ၂၇၇၀ | ၂၇၃၅ | ၂၇၅၅ | ၃၀၀၅ |
| HSD (500 ppm) | ၂၃၃၀ | ၂၄၄၅ | ၂၄၁၀ | ၂၃၄၅ | ၂၄၅၀ | ၂၄၆၅ | ၂၄၈၀ | ၂၄၀၀ | - | ၂၆၉၅ | ၂၄၂၀ | ၃၀၀၅ | ၂၄၉၀ | ၂၄၅၅ | ၂၄၇၅ | ၂၇၃၅ |
| HSD (50 ppm) | ၂၈၀၅ | ၂၉၂၀ | ၂၈၈၅ | ၂၈၂၀ | ၂၉၂၅ | ၂၉၄၀ | ၂၉၆၀ | ၂၈၇၅ | ၄၈၃၀ | ၃၁၇၀ | ၂၈၉၅ | ၃၀၄၀ | ၂၉၆၅ | ၂၉၃၀ | ၂၉၅၅ | ၃၂၁၀ |
| HSD (10 ppm) | ၂၈၀၅ | ၂၉၂၀ | ၂၈၈၅ | ၂၈၂၀ | ၂၉၂၅ | ၂၉၄၀ | ၂၉၆၀ | ၂၈၇၅ | - | ၃၁၇၀ | ၂၈၉၅ | ၃၀၄၀ | ၂၉၆၅ | ၂၉၃၀ | ၂၉၅၅ | ၃၂၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၆၇ | ၂၄၄၈ |
| 95 Ron | ၂၄၅၀ | ၂၅၃၂ |
| HSD (500 ppm) | ၂၁၇၉ | ၂၂၅၂ |
| HSD (50 ppm) | ၂၆၄၀ | ၂၇၂၃ |
| HSD (10 ppm) | ၂၆၄၀ | ၂၇၂၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၃၁၃၃၇၃၊ ၀၉-၂၅၄၆၂၅၇၇
၀၆၇- ၃၁၃၂၈၂၊ ၀၉-၇၇၅၂၆၃၆၄၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# အရည်အသွေးကောင်း ဈေးကွက်ဝင် မြန်မာ့ပေါ်ဆန်းကဏ္ဍ ဖွံ့ဖြိုးရေး

ကောက်ကြီးစပါးမျိုးတစ်မျိုးဖြစ်သည့် ပေါ်ဆန်းစပါးကို ရာသီချိန်လွန် စိုက်ပျိုးနိုင်ရေးအတွက် စမ်းသပ်သုတေသနလုပ်ငန်းများ ပြုလုပ်နေသည်ဟု သိရသည်။ ပုံမှန်စိုက်ပျိုးရာသီဖြစ်သည့် မိုးရာသီမှသာမက ရာသီချိန်လွန်စိုက်ပျိုးနိုင်ခြင်းအားဖြင့် ပေါ်ဆန်းစပါးထုတ်လုပ်နိုင်မှုများစွာ တိုးတက်လာနိုင်ပြီး ဝင်ငွေလည်း တိုးတက်လာမည်ဖြစ်သည်။ စိုက်ပျိုးကုန်ထုတ်လုပ်မှု တိုးတက်ရေးတွင် မျိုးမြေရေ နည်းဟူသော အခြေခံလေးချက် ပြည့်စုံညီညွတ်ကောင်းမွန်ရန် လိုအပ်သည့်အလျောက် အောင်မြင်မှုရရှိသည့် ခေတ်မီနည်းပညာများကို စိုက်ပျိုးရေး တောင်သူများထံ ဖြန့်ဝေပေးခြင်း၊ တောင်သူများက နည်းစနစ် မှန်ကန်စွာစိုက်ပျိုးခြင်းဖြင့် အကျိုးဖြစ်ထွန်းနိုင်ကြမည်ဖြစ်သည်။

ပေါ်ဆန်းသည် ပြည်တွင်းပြည်ပဈေးကွက်ဝင် အရည်အသွေး ကောင်း ဆန်မျိုးဖြစ်ပြီး ထွက်သမျှပြည်တွင်းမှာအဓိကစားသုံးခြင်း ကြောင့် ပြည်ပသို့ အနည်းငယ်မျှသာ တင်ပို့နိုင်သည်ဟု သိရသည်။ ဧရာဝတီတိုင်းဒေသကြီးဇာတိဖြစ်သော ပေါ်ဆန်းစပါး ကို မျိုးယူ၍ လွန်ခဲ့သည့်နှစ်ပေါင်း ၂၅-၃၀ ခန့်က ရွှေဘိုဒေသတွင် အောင်အောင်မြင်မြင်စိုက်ပျိုးနိုင်ခဲ့ရာမှ ရွှေဘိုပေါ်ဆန်းပေါ်ထွက် လာခဲ့ပြီး ဧရာဝတီပေါ်ဆန်းကို မြန်မာနိုင်ငံအောက်ပိုင်းဒေသ များနှင့် ရှမ်းပြည်နယ်တို့တွင် လည်းကောင်း၊ ရွှေဘိုပေါ်ဆန်း ကို နေပြည်တော်နှင့် မြန်မာနိုင်ငံအထက်ပိုင်းတို့တွင် လည်း ကောင်း စားသုံးနေကြခြင်းဖြစ်သည်။ မျိုးရိုးဗီဇတူညီသည့် ဧရာဝတီပေါ်ဆန်းနှင့် ရွှေဘိုပေါ်ဆန်းတို့မှာ စိုက်ပျိုးသည့် ဒေသ ကွာခြားကြခြင်းကြောင့် အထွက်နှုန်းနှင့် စားသုံးမှုအရည်အသွေး တို့ ကွာခြားမှုရှိသည်ဟုဆိုသည်။ စိုက်ပျိုးရာဒေသနှစ်ခုတို့၏ မိုးရေချိန်၊ အပူချိန်၊ မြေဆီလွှာနှင့် ပတ်ဝန်းကျင်အခြေအနေ အရပ်ရပ်တို့ ကွာခြားမှုတို့က တစ်မျိုးတည်းသော ဆန်ကို အထွက်နှုန်းနှင့် အရည်အသွေးတို့ ကွာခြားစေခြင်းဖြစ်နိုင်သည်။

မြန်မာနိုင်ငံတွင် မိုးစပါးစိုက်ဧက ၁၅ သန်းနှင့် နွေစပါးစိုက်ဧက နှစ်သန်းကျော်ခန့် နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ လက်ရှိအခြေအနေ တွင် ပေါ်ဆန်းစပါးကို မိုးစပါးရာသီတစ်ခုတည်း၌သာ ဧက တစ်သန်းခွဲခန့် စိုက်ပျိုးနိုင်သည်။ ထို့အပြင် ပေါ်ဆန်းတစ်ဧက အထွက်နှုန်း တင်း ၆၀ မှ ၈၀ ခန့်သာရှိရာ ပြည်တွင်းဖူလုံစွာ စားသုံးနိုင်ရေးနှင့် ပြည်ပတင်ပို့နိုင်ရေးအတွက် အထွက်နှုန်း တိုးရေးနှင့် တစ်နှစ်လျှင် နှစ်ရာသီစိုက်ပျိုးနိုင်ရေးတို့အတွက် နည်းပညာရရှိရန် လိုအပ်သည်။

ပေါ်ဆန်းစပါးမျိုး၏ မွေးရပ်ဌာနီဖြစ်သော ဧရာဝတီတိုင်း ဒေသကြီးတွင် စုစုပေါင်း ပေါ်ဆန်းစပါးစိုက်ဧက ခုနစ်သိန်းခွဲကျော် ရှိပြီး တစ်နိုင်ငံလုံးပေါ်ဆန်းစိုက်ဧက စုစုပေါင်း၏ ၅၁ ရာခိုင်နှုန်း ရှိသည်။ ထို့အပြင် ဒေသတွင်းစိုက်ပျိုးလျက်ရှိသော ပေါ်ဆန်း စပါးမျိုးလည်း အများအပြားရှိနေရာ ယခုနှစ်မတ်လအတွင်းက ဧရာဝတီပေါ်ဆန်းအရည်အသွေးကောင်းမွန်ပြီး ဈေးကွက်ရရှိ ရေးဟူသော ရည်ရွယ်ချက်ဖြင့် "ဧရာဝတီတိုင်းဒေသကြီး ပေါ်ဆန်းဖိုရမ် - ၂၀၂၅" ကို ပုသိမ်မြို့တွင် ကျင်းပခဲ့သည်။ စိုက်ပျိုး ရေးဦးစီးဌာနမှ ပညာရှင်များ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ တောင်သူများ အင်အားရှစ်ရာကျော် တက်ရောက်ခဲ့ကြပြီး နှစ်ရက်တိုင်တိုင်ကျင်းပခဲ့သည့် "ဧရာဝတီတိုင်းဒေသကြီး ပေါ်ဆန်း ဖိုရမ် -၂၀၂၅" မှာ ပေါ်ဆန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် အရေးပါသည့်ဆောင်ရွက်ချက်တစ်ရပ်ဖြစ်သည်။

ပေါ်ဆန်းဆန်သည် ပြည်ပတင်ပို့ရန်အတွက် အလားအလာ ကောင်းများရှိနေသော ဆန်၊ နာမည်ကောင်းရရှိထားပြီးဖြစ်သည့် ဆန်ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံတွင် ၂၀၀၉ ခုနှစ်က ကျင်းပသည့် ကမ္ဘာ့ဆန်စပါးညီလာခံ၌ နိုင်ငံတကာဆန်များ ယှဉ်ပြိုင်မှုတွင် ဖျာပုံပေါ်ဆန်းဖြင့် တတိယဆုဆွတ်ခူးနိုင်ခဲ့ပြီး ဗီယက်နမ်နိုင်ငံ တွင် ၂၀၁၁ ခုနှစ်က ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဆန်စပါး ညီလာခံ၌ မြန်မာ့ပေါ်ဆန်းကို "ကမ္ဘာ့အကောင်းဆုံးဆန်" အဖြစ် ရွေးချယ်သတ်မှတ်ခြင်း ခံထားရသည်။ အရည်အသွေးကောင်း အဆင့်မြင့်ဆန်မျိုးဖြစ်သည့် ပေါ်ဆန်းဆန်ကို ပြည်ပသို့တိုးမြှင့် တင်ပို့နိုင်ရန်မှာ ပြည်တွင်း၌ ထုတ်လုပ်မှုကို ပိုမိုတိုးတက် ဆောင်ရွက်နိုင်ကြရန်လိုသည်။

ပေါ်ဆန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို မဓိတ်မသုန်သော ဦးတည်ချက်၊ နည်းလမ်းအသွယ်သွယ်တို့ဖြင့် တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုရလဒ်ကောင်းများ ပေါ်ထွက် လာမည်ဟု ယုံကြည်ပါကြောင်း။ ။

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဟန်လင်းအောင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ် | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| | | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | | | |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၃၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၃၄၅၊ ဖက်စ် ၀၆၇-၃၆၁၃၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၃၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၆) မှ ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးစဉ်။

❑ *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူပြီး ကျောင်းဆင်း ဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးသည်။ ထို့နောက် ဗိုလ်လောင်းတပ်ခွဲများက နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

**ဆုများ ပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၆) မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်း အောင်ကျော်မိုး၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်း စွမ်းရည်ထည်နှင့် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်း မင်းဖုန်းသန့်အောင်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်း ပြောကြားရာတွင် တပ်မတော်ဆေးတက္ကသိုလ်ကို **"တပ်မတော် (ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင်အရာရှိကောင်းများ မွေးထုတ်ပေးရန်"** ဟူသည့် ရည်ရွယ်ချက်ဖြင့် တပ်မတော်သားဆေးမှူးအရာရှိများကို စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်ပေးခဲ့သည်မှာ ယခုအခါ သင်တန်းအမှတ်စဉ်(၂၆) အထိ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ တပ်မတော်ဆေးတက္ကသိုလ်က မွေးထုတ်ပေးလိုက်သည့် ဆေးမှူးအရာရှိများအနေဖြင့် မိမိတို့ တာဝန်ကျရာ တပ်အသီးသီးတွင်ရှိသည့် တပ်မတော်သားများ၊ တပ်မတော်သား မိသားစုဝင်များ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများသာမက ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုပါ ထိထိရောက်ရောက် လုပ်ဆောင်ပေးလျက်ရှိနေကြောင်း။

**အစဉ်လေ့လာဆည်းပူးနေ**

မိမိတို့တပ်မတော်ကို တိုက်စွမ်းရည်၊ တိုက်စွမ်းအားရှိသည့် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်တစ်ရပ်အဖြစ် ရည်မှန်းချက်ထားပြီး ဖွဲ့စည်းတည်ဆောက်လျက်ရှိရာတွင် တပ်မတော်သားတိုင်း တိုက်စွမ်းရည်မြင့်မားရေးအတွက် စိတ်ရောကိုယ်ပါကြံ့ခိုင်ရန် အလွန်အရေးကြီးကြောင်း၊ **"ကျန်းမာကြံ့ခိုင် တိုက်နိုင်ရန်" (Make Fit to Fight)** ဟူသည့် ဆောင်ပုဒ်နှင့်အညီ တပ်မတော်သားတိုင်း ကျန်းမာကြံ့ခိုင်မှုရှိမှသာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အချိန်မရွေး၊ နေရာဒေသမရွေး၊ ရာသီဥတုမရွေး တာဝန်ထမ်းဆောင်နိုင်ကြမည်ဖြစ်သဖြင့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့တတ်ကျွမ်းသည့် ဆေးပညာဖြင့်တပ်မတော်သားများအပေါ် ဆေးအကာအကွယ်ပေးမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကုသပေးမှုများကို အထူးအလေးထား ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့သင်ယူတတ်မြောက်ခဲ့သည့် ဆေးပညာရပ်များကို ကျွမ်းကျင်ထက်မြက်နေအောင် အစဉ်လေ့လာဆည်းပူးနေပြီး တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ ရည်မှန်းချက်တာဝန်ကို အောင်မြင်အောင် အကောင်အထည်ဖော်သွားကြရန် မှာကြားလိုကြောင်း။

ထို့အပြင် တာဝန်ထမ်းဆောင်မည့် တပ်ဖွဲ့အသီးသီးကို ရောက်ရှိချိန်၌ တပ်မတော်သား အရာရှိ၊ စစ်သည်၊ မိသားစုဝင်များသာမက ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင်လည်း မေတ္တာစေတနာအရင်းခံပြီး ပါဝင်ကူညီခြင်းအားဖြင့် တပ်မတော်၏ စိတ်ရင်းစေတနာအမှန်ကို ပြသပေးကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား ဗိုလ်လောင်းတပ်ရင်းများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုစဉ်။

**တပ်မတော်ဆေးတက္ကသိုလ်က သင်ကြားပေးလိုက်သည့် ဆေးပညာရပ်များဖြင့်သာ ရောင့်ရဲတင်းတိမ်မနေဘဲ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် ဆေးပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် ထူးချွန်ထက်မြက်သည့် "သမားဇာနည်အောင်စစ်သည်" များဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်**

**တိုးတက်ပြောင်းလဲလျက်ရှိ**

ယနေ့ခေတ်သည် သိပ္ပံနှင့်နည်းပညာခေတ်ဖြစ်သည်နှင့်အညီ ဆေးသိပ္ပံပညာရပ် နယ်ပယ်သည်လည်း အရှိန်အဟုန်ဖြင့် တစ်နေ့တခြား တိုးတက်ပြောင်းလဲလျက်ရှိသည်ကို တွေ့ရှိရမည်ပင်ဖြစ်ကြောင်း၊ ရောဂါရှာဖွေသည့် ပစ္စည်းကိရိယာများ၊ ကုသသည့်ကိရိယာများ၊ ဆေးဝါးနှင့် ကုထုံးအသစ်များ ဆန်းသစ်ပြောင်းလဲလာသကဲ့သို့ ထူးခြားဆန်းပြားသည့် ရောဂါဘယများသည်လည်း ဆေးပညာလောကကို မပြတ်စိန်ခေါ်လျက်ရှိနေကြောင်း။

**ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်**

သင်တန်းဆင်းအရာရှိများအနေဖြင့်လည်း တပ်မတော်သားဆေးသိပ္ပံပညာရှင်များဖြစ်သည်နှင့်အညီ တိုးတက်ပြောင်းလဲလာသည့် ခေတ်မီပြုစုကုသမှုများနှင့် ဆေးပညာရပ်များကို မျက်ခြည်ပြတ်မခံဘဲ စဉ်ဆက်မပြတ် လေ့လာဆည်းပူးပြီး တစ်ဦးချင်း၏ အရည်အသွေး တိုးတက်မြင့်မားလာအောင် မြှင့်တင်နေကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သား အရာရှိ၊ စစ်သည်၊ မိသားစုဝင်များသာမက ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်ပေးရာတွင် **"စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာ"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ စေတနာတရား၊ အကြင်နာတရား အပြည့်ဖြင့် ပြုစုစောင့်ရှောက်သွားကြရန်လိုကြောင်း၊ ထိုသို့ စောင့်ရှောက်သည့်နေရာတွင် **"ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်သည်"** ဟူသည့်အတိုင်း ကိုယ်စီ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိ မြင့်မားလာအောင် အသိပညာဖြန့်ဝေပေးခြင်း၊ ကြိုတင်ကာကွယ်မှုနှင့် ကုသမှုဆိုင်ရာပညာပေးခြင်း လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။

တပ်မတော် ဆေးတက္ကသိုလ်သည် ကမ္ဘာ့ဆေးပညာသင်ကြားရေး အဖွဲ့အစည်း (World Federation for Medical Education– WFME)၏ အသိအမှတ်ပြုစာရင်းဝင်ဖြစ်သကဲ့သို့ နိုင်ငံတကာသင်ရိုးညွှန်းတမ်းများနှင့်အညီ ဆေးပညာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံတကာ ဆေးတက္ကသိုလ်များနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် ပြည်တွင်း၌ ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေသကဲ့သို့ ပြည်ပနိုင်ငံများတွင်လည်း ခေတ်မီဆေးသိပ္ပံပညာရပ်များ သင်ကြားလေ့ကျင့်နိုင်ရေးအတွက် ပညာတော်သင်များ စေလွှတ်ပေးလျက်ရှိကြောင်း၊ ပြည်တွင်း၌လည်း ဆေးသိပ္ပံညီလာခံများ၊

*စာမျက်နှာ ၄ သို့*





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

*စာမျက်နှာ ၃ မှ*

ဆေးပညာ နှီးနှောဖလှယ်ပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ပေးပြီး နိုင်ငံခြားသား ကျွမ်းကျင်ပညာရှင်များဖြင့် စစ်ဘက်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု အတွေ့အကြုံဖလှယ်ခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ဆေးပညာဘာသာရပ်နှင့်ပတ်သက်ပြီး သုတေသနလုပ်ငန်းများကိုလည်း နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်စေလျက်ရှိနေကြောင်း။

ထို့ကြောင့် ဆေးဘက်ဆိုင်ရာ ပညာရပ်များဖြစ်သည့် ပြုစုကုသရေး၊ အကာအကွယ်ပေးရေး စသည့်အတတ်ပညာပိုင်းဆိုင်ရာများတွင် နိုင်ငံတကာ တပ်မတော်များနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း၊ တပ်မတော်ဆေးတက္ကသိုလ်က သင်ကြားပေးလိုက်သည့် ဆေးပညာရပ်များဖြင့်သာ ရောင့်ရဲတင်းတိမ်မနေဘဲ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် ဆေးပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် ထူးချွန်ထက်မြက်သည့် **"သမားဇာနည် အောင်စစ်သည်"** များဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

လူသားများ အသက်ရှင်နေထိုင်လှုပ်ရှားသွားလာရန်အတွက် လိုအပ်သည့် စွမ်းအင် (Energy) များကို အစားအသောက်များမှ ရရှိခြင်းဖြစ်သဖြင့် စားနပ်ရိက္ခာလုံခြုံရေး (Food Security) သည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် သက်ရှိလူသားအားလုံးအတွက် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံး လိုအပ်ချက်တစ်ခုပင်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခုတွင် စားနပ်ရိက္ခာလုံခြုံရေးကို ပြီးပြည့်စုံစွာ အကောင်အထည်ဖော်ရာ၌ လုံလောက်သည့် စားနပ်ရိက္ခာပမာဏ ရရှိနိုင်မှု၊ ဈေးနှုန်းသင့်တင့်သော စားနပ်ရိက္ခာရရှိနိုင်မှုနှင့် ကျန်းမာရေးနှင့် ညီညွတ်သည့် စားနပ်ရိက္ခာရရှိနိုင်မှုတို့ ပြည့်စုံနေရန် လိုအပ်ကြောင်း။

### ထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတော် ကာကွယ်ရေးတာဝန်ထမ်းဆောင်ကြရမည့် မိမိတို့တပ်မတော်သားများအနေဖြင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပင်ပန်းဆင်းရဲမှုဒဏ်ကို ခံနိုင်ရေးအတွက် အာဟာရပြည့်ဝသည့် အစားအစာများ လုံလောက်စွာ စားသောက်နေနိုင်ရေးသည် အရေးကြီးသည့် အချက်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားတိုင်း ကျန်းမာရေးနှင့်ညီညွတ်သည့် အစာအာဟာရများ ပြည့်ပြည့်ဝဝ စားသုံးနိုင်ရေးအတွက် မိမိတတ်ကျွမ်းထားသည့် ဆေးပညာရှုထောင့်မှ အမြဲမပြတ် ထိန်းသိမ်းစောင့်ရှောက်ပြီး အကြံဉာဏ်များ ပေးသွားရမည်ဖြစ်သကဲ့သို့ ပြည်သူလူထုကိုလည်း ကျန်းမာရေးအသိပညာပေးမှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၆) မှ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်း စွမ်းရည်ထည်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၆) မှ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်း မင်းဖုန်းသန့်အောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

### တစ်ဖက်တစ်လမ်းကကူညီ

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ချမှတ်ထားသည့် ဦးတည်ချက် (၄) ရပ်အနက် တတိယအချက်ဖြစ်သည့် **"နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် ခိုင်မာစေရေးအတွက် အမျိုးသား ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထား မြှင့်တင်ရေး"** ဟူသည့် အချက်ကို အကောင်အထည်ဖော်ရန်အတွက် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူပူးပေါင်းပြီး ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍကို အလေးထားမြှင့်တင် ဆောင်ရွက်လျက်ရှိနေကြောင်း၊ တပ်မတော်ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များအနေဖြင့် တပ်မတော်ဆေးရုံ၊ တပ်ရင်း/ တပ်ဖွဲ့များတွင် တပ်မတော်သားများနှင့် တပ်မတော်သားမိသားစုဝင်များကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ၊ စစ်မြေပြင်လက်တွေ့ ဆေးအကာအကွယ်ပေးရေးလုပ်ငန်းများသာမက ခေတ်အဆက်ဆက်တွင် တိုင်းရင်းသားပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း တစ်ဖက်တစ်လမ်းက ကူညီဖြေရှင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း။

၂၀၁၀ ပြည့်နှစ် နောက်ပိုင်းမှစ၍ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့များသည် နယ်လှည့်ဆေးကုသမှု လုပ်ငန်းများကို အင်တိုက်အားတိုက် တိုးမြှင့်ဆောင်ရွက်ပေးခဲ့ရာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် တောင်ပေါ်ဒေသနှင့် နယ်စပ်ကျေးလက်ဒေသများပါမကျန် ကိုယ်တိုင်ကိုယ်ကျ သွားရောက်စောင့်ရှောက်ကုသပေးခဲ့ကြကြောင်း၊ ရေလမ်းကြောင်းတစ်ခုတည်းကိုသာ အားကိုးအားထားပြုပြီး သွားလာနေကြရသည့် မြစ်ဝကျွန်းပေါ်ဒေသနှင့် ကမ်းရိုးတန်းဒေသတို့တွင်ရှိသည့် ပြည်သူလူထု၏ ကျန်းမာရေးကိုလည်း မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) တို့ဖြင့် သွားရောက်စောင့်ရှောက်ပေးနိုင်ခဲ့ကြောင်း။

တပ်မတော်သား ဆရာဝန်များဖြစ်သည့်အတွက် စစ်သည်တော်ကောင်းစိတ်ဓာတ်နှင့် ဆရာဝန်ကောင်းစိတ်ဓာတ်တို့ နှစ်မျိုးစလုံး ပြည့်စုံနေရန်လိုကြောင်း၊ စစ်သည်တော်ကောင်းစိတ်ဓာတ် ပြည့်ဝစေရေး စစ်သည်တော်ကျင့်ဝတ် အပါး (၆၀) ကို တိကျစွာလိုက်နာတတ်စေရန် လေ့ကျင့်ပေးခဲ့သကဲ့သို့ ဆရာဝန်ကောင်းစိတ်ဓာတ်ရှိစေရေး ဆေးပညာရပ်များအပြင် ဆေးပညာကျင့်ဝတ်နှင့်ညီသည့် သမားကောင်းစိတ်ဓာတ်၊ ခံယူချက်များကောင်းမွန်ရေးကိုလည်း လေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း။

တပ်မတော်က မွေးထုတ်ပေးလိုက်သည့် တပ်မတော်သား ဆေးပညာရှင်သမားကောင်းများပီသစွာ လူမျိုး၊ ဘာသာ အဆင့်အတန်းမရွေး ကျန်းမာရေးစောင့်ရှောက်မှုပေးပြီး ဆေးပညာကျင့်ဝတ်တွေကို လိုက်နာစောင့်ထိန်းသွားရမည်ပင်ဖြစ်ကြောင်း၊ နေ့စဉ် ရွတ်ဆိုနေသည့် ဆရာဝန်များ၏ အဓိဋ္ဌာန်ပြုကတိသစ္စာတွင်ပါသည့် **"သမားကောင်းတစ်ဦး၏ ကိုယ်ကျင့်တရားနှင့် မွန်မြတ်သည့် ဂုဏ်သိက္ခာအစဉ်အလာကို ထိန်းသိမ်းရေး၊ ဆည်းပူးတတ်မြောက်ထားသော ဆေးပညာဖြင့် ဂိလာန ပုဂ္ဂိုလ်များ၏ ကျန်းမာရေးကို စေတနာမေတ္တာ ရှေ့ထား၍ လူမျိုး၊ ဘာသာ၊ ဆင်းရဲ၊ ချမ်းသာမရွေး စွမ်းစွမ်းတမံ စောင့်ရှောက်ကုသရေး"** စသည့် အချက်များကို မိမိတို့၏ စိတ်သန္တာန်တွင် စွဲမြဲစွာ မှတ်သားပြီး ကျင့်ဝတ်နှင့်ညီသည့် သမားကောင်းတစ်ဦးဖြစ်အောင် ကျင့်ကြံနေထိုင်ကြရန် လိုကြောင်း။

### လိုက်နာစောင့်ထိန်း

တစ်ဖက်တွင်လည်း တပ်မတော်သားများဖြစ်သည်နှင့်အညီ တပ်မတော်က ပြဋ္ဌာန်းထားသည့် စစ်သည်တော်ကျင့်ဝတ်အပါး (၆၀) ကို ကိုယ်တိုင်စောင့်ထိန်းလိုက်နာရန် လိုအပ်သကဲ့သို့ မိမိကွပ်ကဲရသည့် တပ်ဖွဲ့ဝင်များကိုလည်း တစ်သဝေမတိမ်း လိုက်နာ ဆောင်ရွက်ရန် ထိန်းကျောင်းပေးကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သား ဆရာဝန်များဖြစ်သည်နှင့်အညီ ခြေလျင်တိုက်ခိုက်ရေးစစ်သည်

*စာမျက်နှာ ၅ သို့*




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများနှင့် မိဘများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

**❖ ငယ်စဉ်ကလေးဘဝမှ တက္ကသိုလ်ရောက်သည်အထိ ကျွေးမွေးစောင့်ရှောက်သွန်သင်ပေးခဲ့သည့် ကြီးမားလှသည့် မိဘဆရာတို့၏ ဂုဏ်ကျေးဇူးကို သိတတ်နားလည်ကျေးဇူးဆပ်ရမည်ဖြစ်သကဲ့သို့ တန်ဖိုးရှိသည့် အသိပညာများနှင့် အတတ်ပညာများကို သင်ကြားလေ့ကျင့်မွေးထုတ်ပေးလိုက်သည့် တပ်မတော်နှင့် နိုင်ငံတော်၏ ဂုဏ်ကျေးဇူးကိုလည်း အရာရှိကောင်းတစ်ဦး၊ ဆရာဝန်ကောင်းတစ်ဦးပီသစွာ နေထိုင်ကျင့်ကြံခြင်း၊ မိမိကိုယ်ကိုတန်ဖိုးထား၍ စောင့်ထိန်းနေထိုင်ကာ ဆက်လက်တိုးတက်အောင်နေထိုင်**

*စာမျက်နှာ ၄ မှ*

များနှင့်အတူ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များကိုလည်း ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ စစ်မြေပြင်တွင် စစ်စည်းကမ်းကောင်းမွန်ပြီး စိတ်ဓာတ်ခံယူချက်မြင့်မားမှသာ အောင်မြင်မှုများရယူနိုင်မည်ဖြစ်ကြောင်း၊ အထူးသဖြင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိပြီး အထက်က ပေးအပ်လာသည့် အမိန့်နှင့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ရန် အရေးကြီးသကဲ့သို့ မိမိကွပ်ကဲရသည့် လက်အောက်ငယ်သားများကိုလည်း အမိန့်နာခံမှုကောင်းအောင် ကွပ်ကဲလေ့ကျင့်ပေးရန်လိုအပ်ကြောင်း၊ မိမိကိုယ်တိုင်ကလည်း စိတ်ဓာတ်ခံယူချက်မြင့်မားစွာဖြင့် လက်အောက်ငယ်သားများကို စံနမူနာပြနေထိုင်ပြီး သမားကောင်းတစ်ဦး၏ ကျင့်ဝတ်များနှင့် စစ်သည်တော်ကောင်းတစ်ဦး၏ကျင့်ဝတ်များကိုပါ လိုက်နာစောင့်ထိန်းသွားကြရန် မှာကြားလိုကြောင်း။

### ယှဉ်ပြိုင်ရွေးချယ်

တပ်မတော်ဆေးမှူး အရာရှိများဖြစ်ရန် တပ်မတော်ဆေးတက္ကသိုလ်ကို မိမိတို့၏ သဘောဆန္ဒအလျောက် ကိုယ်တိုင်ဆန္ဒပြု လျှောက်ထားခဲ့ကြသကဲ့သို့ ယှဉ်ပြိုင် ရွေးချယ်ခံပြီး တက်ရောက်ခဲ့ကြရခြင်း ဖြစ်ကြောင်း၊ တပ်မတော်ဆေးတက္ကသိုလ်တွင် တက်ရောက်ခွင့်ရရှိခဲ့ချိန်မှစပြီး နိုင်ငံတော်နှင့် တပ်မတော်က ငွေကုန်ကြေးကျများစွာဖြင့် နိုင်ငံတကာအဆင့်မီ ဆေးပညာရပ်များကို အချိန်ယူ သင်ကြားလေ့ကျင့်မွေးထုတ်ပေးလိုက်ခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် တပ်မတော်၏ အဖိုးတန် လူသားအရင်းအမြစ်များဖြစ်သည့် ကျောင်းဆင်းအရာရှိများအနေဖြင့် တဒင်္ဂဆုံးဖြတ်ချက် အမှားကြောင့် မိမိတို့၏ ရည်မှန်းချက်၊ နိုင်ငံတော်၊ တပ်မတော်နှင့် မိဘဆွေမျိုးများ၏ မျှော်မှန်းချက်များကို မပျောက်ပျက်စေဘဲ စိတ်ဓာတ်၊ ခံယူချက်၊ ကိုယ်ကျင့်တရား၊ စည်းကမ်း၊ ဆေးပညာကျင့်ဝတ်များနှင့်အညီ လက်တွေ့နယ်ပယ်တွင် တာဝန်ထမ်းဆောင်ကြသည့်အခါ ရဲဘော်ရဲဘက်စိတ်ပြည့်ဝသည့် **"သမားဇာနည် အောင်စစ်သည်"** TO BE A GOOD SOLDIER AND AN EFFICIENT DOCTOR တစ်ယောက်ဖြစ်အောင် မိမိကိုယ်မိမိ တည်ဆောက်သွားကြရန် မှာကြားလိုကြောင်း။

### မျှဝေခံစားခြင်းဖြစ်

မိမိတို့နိုင်ငံကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရာတွင် အခြားနိုင်ငံများ၏ ပုံစံကို ပုံတူကူးပြီး ကျင့်သုံးခြင်းမျိုးမဟုတ်ဘဲ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကို ဖော်ဆောင်ရန် အရေးကြီးကြောင်း၊ **ဒီမိုကရေစီစနစ်**ဆိုသည်မှာ ပြည်သူက ရွေးချယ်သည့် အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ၎င်း၏အနှစ်သာရဖြစ်သည့် အများဆန္ဒအတိုင်း ဆောင်ရွက်ခွင့်ရှိသော်လည်း လူနည်းစု၏ဆန္ဒကိုလည်း အလေးထားရန် လိုအပ်ကြောင်း၊ **ဖက်ဒရယ်စနစ်**ဆိုသည်မှာ လုပ်ပိုင်ခွင့်အာဏာနှင့် ရပိုင်ခွင့်များကို မျှဝေခံစားခြင်းဖြစ်ပြီး ၎င်း၏အနှစ်သာရမှာ ပေါင်းစည်းခြင်းနှင့် သဟဇာတဖြစ်မှုတို့ပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ဖြစ်ပေါ်လာစေရေးအတွက် ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ရေးသည် အလွန်အရေးကြီးကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ရန်အတွက် ရွေးကောက်ပွဲ လုပ်ငန်းစဉ်သည် မဖြစ်မနေလုပ်ရမည့် လုပ်ငန်းစဉ်ဖြစ်ခြင်းကြောင့် ပြည်သူလူထုအများစု လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပပေးသွားတော့မည်ဖြစ်ကြောင်း။

### အပိုင်းလိုက် ကျင်းပပေးသွားမည်

ယခုပြုလုပ်ပေးမည့် ရွေးကောက်ပွဲသည် ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများနှင့် မတူသည့်အချက် ၃ ချက်ရှိကြောင်း၊ ပထမအချက်မှာ **ရွေးကောက်ပွဲစနစ်**ဖြစ်ကြောင်း၊ လာမည့်ရွေးကောက်ပွဲတွင် ယခင်ကျင့်သုံးခဲ့သည့် အနိုင်ရသူအကုန်ယူ (First Past The Post–FPTP) စနစ်အပြင် FPTP နှင့် PR စနစ် ပေါင်းစပ်ရောနှောထားသည့် ကိုယ်စားလှယ်အချိုးကျစနစ် (Mixed Member Proportional–MMP) စနစ်ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒုတိယတစ်ချက်မှာ **မဲပေးတဲ့စနစ်**ဖြစ်ပြီး ကြိုတင်မဲများကလွဲပြီး ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံများ၌ မဲပေးရာတွင် မြန်မာအီလက်ထရောနစ် မဲပေးစက် (Myanmar Electronic Voting Machine–MEVM) များနှင့် ခလုတ်နှိပ်ပေးရမည်ဖြစ်ကြောင်း၊ တတိယအချက်မှာ **ရွေးကောက်ပွဲ ကျင်းပသည့်ပုံစံ**ဖြစ်ပြီး ရွေးကောက်ပွဲကို လုံခြုံရေးနှင့်စီမံခန့်ခွဲမှုအပေါ်မူတည်ပြီး အပိုင်းလိုက်ကျင်းပပေးသွားမည်ဖြစ်ကြောင်း။

### ပူးပေါင်းပါဝင်ဆောင်ရွက်

ထို့ကြောင့် မိမိတို့တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့ဒေသ အသီးသီးကို ရောက်ရှိချိန်တွင်လည်း လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းစဉ်များနှင့် ပြည်သူတစ်ရပ်လုံး ပါဝင်ပြီး မဲပေးခွင့်ရှိသူအားလုံး မဲပေးနိုင်ရေး ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။

### လက်ဆင့်ကမ်းထိန်းသိမ်း

တပ်မတော် (ကြည်း၊ ရေ၊ လေ) အတွက် လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင် အရာရှိကောင်းများဖြစ်အောင် အစဉ်လေ့ကျင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ မိမိတတ်ကျွမ်းသည့်ဆေးပညာနှင့် တပ်မတော်သားများအပေါ် ဆေးအကာအကွယ်ပေးမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကုသပေးမှုများကို အစဉ်အလေးထား ဆောင်ရွက်သွားကြရန်၊ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာနေသည့် ဆေးပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် အရည်အသွေးထူးချွန်ထက်မြက် တောက်ပြောင်သည့် **"သမားဇာနည် အောင်စစ်သည်များ"** ဖြစ်အောင် လေ့ကျင့်ဆောင်ရွက်သွားကြရန်၊ ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားပြုရသည့် ဆေးသိပ္ပံပညာရှင် ဆရာဝန်ကောင်းများဖြစ်အောင် ကြိုးစားကျင့်ကြံနေထိုင်သွားရင်း ကောင်းမြတ်သည့် ဆေးဝန်ထမ်းတပ်ဖွဲ့၏ အစဉ်အလာကောင်းများကို လက်ဆင့်ကမ်း ထိန်းသိမ်းသွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

### ဂုဏ်ပြုအမှာစကားပြောကြား

စစ်ရေးပြ အခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော်ဆေးတက္ကသိုလ် ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆု ရရှိကြသည့် ဗိုလ်လောင်းများနှင့် မိဘများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

### ကျေပွန်စွာထမ်းဆောင်

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုများ ရရှိကြသည့်အတွက် မိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် သင်တန်းကာလရှည်တစ်လျှောက်လုံး မျှော်မှန်းချက်၊ ရည်မှန်းချက်ရှိစွာဖြင့် မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် အစဉ်တစိုက် ကြိုးစားအားထုတ်ခဲ့ပြီး မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနှင့် နေထိုင်ခဲ့မှု အကျိုးရလဒ်ကို ခံစားရခြင်းပင်ဖြစ်ကြောင်း၊ အခြေခံပညာအထက်တန်းပညာကို မြင့်မားသောရမှတ်များဖြင့် အောင်မြင်ခဲ့သည့် ကြိုးစားအားထုတ်မှု အခြေခံကောင်းများကို ယခုတက္ကသိုလ်ပညာရပ်များ ဆည်းပူးရာတွင်လည်း ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး ကြိုးစားခဲ့သောကြောင့် ထူးချွန်စွာအောင်မြင်ခဲ့ပြီးဖြစ်သဖြင့် ရှေ့ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်တွင်လည်း မိမိတို့၏ ရည်မှန်းချက်များ၊ မိဘများ၏ မျှော်မှန်းချက်များ မပျောက်ပျက်၊ မယိမ်းယိုင်စေရေးအတွက် ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တပ်မတော်ဆေးတက္ကသိုလ်မှ ထူးချွန်စွာဖြင့် သင်တန်းဆင်းခဲ့ကြသည့် နောင်တော်တပ်မတော်အရာရှိများသည်လည်း စဉ်ဆက်မပြတ်သည့် ကြိုးစားအားထုတ်မှုများဖြင့် နိုင်ငံတော်နှင့် တပ်မတော်မှ ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြကြောင်း။

ကမ္ဘာကြီးသည် စဉ်ဆက်မပြတ်ပြောင်းလဲ တိုးတက်နေသည်ဖြစ်သည့်အတွက် ခေတ်နှင့်အမီလိုက်နိုင်ရေး စာပေဖတ်ရှုလေ့လာခြင်း၊ လက်တွေ့အသုံးချခြင်း၊ မျှဝေခြင်းများကို အမြဲမပြတ်ဆောင်ရွက်သွားရန်လည်းလိုကြောင်း။

### ကျေးဇူးဆပ်ရမည်

ငယ်စဉ်ကလေးဘဝမှ တက္ကသိုလ်ရောက်သည်အထိ ကျွေးမွေးစောင့်ရှောက်သွန်သင်ပေးခဲ့သည့် ကြီးမားလှသည့် မိဘဆရာတို့၏ ဂုဏ်ကျေးဇူးကို သိတတ်နားလည် ကျေးဇူးဆပ်ရမည်ဖြစ်သကဲ့သို့ တန်ဖိုးရှိသည့် အသိပညာများနှင့် အတတ်ပညာများကို သင်ကြားလေ့ကျင့်မွေးထုတ်ပေးလိုက်သည့် တပ်မတော်နှင့် နိုင်ငံတော်၏ ဂုဏ်ကျေးဇူးကိုလည်း အရာရှိကောင်းတစ်ဦး၊ ဆရာဝန်ကောင်းတစ်ဦး ပီသစွာနေထိုင်ကျင့်ကြံခြင်း၊ မိမိကိုယ်ကိုတန်ဖိုးထား၍ စောင့်ထိန်းနေထိုင်ကာ ဆက်လက်တိုးတက်အောင်နေထိုင်ခြင်း၊ သစ္စာရှိရှိဖြင့် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ခြင်းတို့ဖြင့် ကျေးဇူးဆပ်ရမည်ဖြစ်ကြောင်း၊ တာဝန်များကို ထမ်းဆောင်ချိန်တွင်လည်း လက်အောက်မှ လက်ခံအားကိုးယုံကြည်ရသည့် ခေါင်းဆောင်ကောင်းများဖြစ်စေရေး၊ ကြီးမားသည့် တာဝန်များကို လက်ဆင့်ကမ်း တာဝန်ပေးအပ်နိုင်ရေး မိမိဘဝကိုမိမိ ဆက်လက်ကြိုးစားတည်ဆောက်သွားကြရန် လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၀**
တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၆) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါသင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းမှူးများ၊ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် မင်္ဂလာဒုံ တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သင်တန်းဆင်း အရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်း အရာရှိများ၊ ညစာစားပွဲတက်ရောက်လာကြသူများနှင့် အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင် အပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် တပ်မတော်ဆေးတက္ကသိုလ် ဂုဏ်ပြုစစ်တီးဝိုင်းတပ်ဖွဲ့၏ ဂုဏ်ပြုတီးမှုတ်မှုအား ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများနှင့်အတူ ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီ တေးဂီတအဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်းဗိုလ်လောင်းများအား ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၀**
တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၆) ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ တပ်မတော် ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် စိုးညွန့်နှင့် ကျောင်းဆင်း ဗိုလ်လောင်းများ တက်ရောက်ကြသည်။

အခမ်းအနား အစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင်နေရာယူကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက ကျောင်းဆင်း ဗိုလ်လောင်း တစ်ဦးချင်းစီအား ပြန်တမ်းဝင် ခန့်အပ်လွှာများ ပေးအပ်သည်။

ပြန်တမ်းဝင် ခန့်အပ်လွှာများ ပေးအပ်ပြီးနောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# တပ်မတော်ဆေးတက္ကသိုလ်၏ (၂၆) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၁၀**
တပ်မတော် ဆေးတက္ကသိုလ်၏ (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမ၌ ကျင်းပရာ တပ်မတော် ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် စိုးညွန့်၊ တပ်မတော် ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ် ခင်အောင်ထွန်းနှင့် တပ်မတော် ဆေးတက္ကသိုလ်မှ ပညာရေးအဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

အစီအစဉ်အရ တပ်မတော် ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမသို့ဝင်ရောက်၍ သတ်မှတ်နေရာများတွင် နေရာယူကြပြီး မြန်မာ့ဆိုင်း တူရိယာအဖွဲ့က နိုင်ငံတော်သီချင်း တီးမှုတ်ကာ ဘွဲ့နှင်းသဘင် အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင် ကျင်းပကြောင်း ကြေညာပြီး ဘွဲ့ယူမည့်သူများအား ကတိသစ္စာ ခံယူစေခြင်း၊ မော်ကွန်းထိန်းက ဘွဲ့ယူမည့်သူများကို ပါမောက္ခချုပ် ထံသို့ ပို့ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ယင်းနောက် ပါမောက္ခချုပ်က ဆေးပညာဘွဲ့နှင့် သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့ရရှိသူတို့အား ဘွဲ့လက်မှတ်များချီးမြှင့်အပ်နှင်းသည်။ ဆက်လက်၍ ပါမောက္ခချုပ်က ဘွဲ့ရသူများအား ဘွဲ့များနှင့် လျော်ညီသော အဆောင်အယောင် အမှတ်လက္ခဏာဖြစ်သည့် ဝတ်ရုံများကိုဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီးနောက် အခမ်းအနားကို ရုပ်သိမ်းကြောင်း ကြေညာကာ တပ်မတော် ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းများ ရရှိသည့် ပညာရည်ထူးချွန်ဆုအဆင့်များ ဂုဏ်ထူးများသည် တပ်မတော် ဆေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများနှင့်သာ စစ်ဆေးခြင်းမဟုတ်ဘဲ ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ ဆေးတက္ကသိုလ် (မန္တလေး)၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ ဆေးတက္ကသိုလ်(မကွေး)၊ ဆေးတက္ကသိုလ်(တောင်ကြီး) စသည့် တစ်နိုင်ငံလုံးရှိ ဆေးတက္ကသိုလ် အသီးသီးမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် စာစစ်ပုဂ္ဂိုလ်များ၏ စစ်ဆေးချက်များနှင့်အညီ ချီးမြှင့်ခြင်းဖြစ်ကြောင်း၊ တပ်မတော် ဆေးတက္ကသိုလ်၏ သင်ရိုးညွှန်းတမ်းများကိုလည်း အခြားသော ဆေးတက္ကသိုလ်များနှင့် ညှိနှိုင်းရေးဆွဲထားရှိပြီး ဆေးပညာသင်ကြားရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းအရ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ အထူးအောင်သတ်မှတ်ခြင်းနှင့် ဂုဏ်ထူးပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကြီးကြပ်မှု ဗဟိုကော်မတီဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**

အမိန့်အမှတ် ၅၂ / ၂၀၂၅

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)

**အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ**

**တိုက်ဖျက်ရေးကြီးကြပ်မှု ဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

၁။ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုကျူးလွန်မှုများကို မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် ပြည်ပနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် **"အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေး ကြီးကြပ်မှုဗဟိုကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၁) |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ဥက္ကဋ္ဌ / ဝန်ကြီးချုပ်<br>နေပြည်တော်ကောင်စီ၊<br>တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (င) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (စ ) | တိုင်းမှူး<br>သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယတပ်မတော်စစ်ဘက်ရေးရာ<br>လုံခြုံရေးအရာရှိချုပ် | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဏ) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၁) |
| (တ) | ဒုတိယရဲချုပ် ( ၂ )<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၂) |

၂။ အွန်လိုင်းလိမ်လည်မှုနှင့်အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ အမြစ်ပြတ်တိုက်ဖျက်ရေးအတွက် မူဝါဒများ ချမှတ်ခြင်း၊

(ခ) အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးအတွက် လိုအပ်သည့် ကော်မတီများ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဂ) အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း (SOP)များ ရေးဆွဲချမှတ်ခြင်း၊

(ဃ) အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားလုပ်ငန်းများ၌ တရားမဝင်ရောက်ရှိ လုပ်ကိုင်နေသော နိုင်ငံခြားသားများနှင့်စပ်လျဉ်း၍ ပြန်လည်လွှဲပြောင်းပေးရန် သက်ဆိုင်ရာနိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

**အမိန့်အရ**

**အောင်လင်းဒွေး**

**အမှုဆောင်ချုပ်**

---

## လက်ဖက်ယဉ်ကျေးမှုအား UNESCO ၏ လူသားမျိုးနွယ်ဆိုင်ရာ ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းနိုင်ရေးနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

လက်ဖက်ယဉ်ကျေးမှုအား UNESCO ၏ လူသားမျိုးနွယ်ဆိုင်ရာကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် သမိုင်းသုတေသနနှင့် စာကြည့်တိုက်ဦးစီးဌာနတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သက်ဆိုင်ရာဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ သုတေသနပညာရှင်ဝန်ထမ်းများနှင့် ယူနက်စကိုသို့ တင်သွင်းနိုင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဖွဲ့စည်းထားသည့် အထောက်အကူပြုအဖွဲ့များ တက်ရောက်ကြပြီး မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံ လက်ဖက်အသင်း (ရန်ကုန်)၊ မြန်မာနိုင်ငံလက်ဖက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း(မန္တလေး)နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန လက်အောက်ရှိ လက်ဖက်ယဉ်ကျေးမှုနှင့်ပတ်သက်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေသည့် ဌာနခွဲ၊ ဌာနစုများ၊ တာဝန်ရှိသူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းအဖြစ် တင်သွင်းနိုင်ရေးအတွက် ၂၀၀၃ ကွန်ဗင်းရှင်းတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၁၄ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ လူသားမျိုးနွယ်ဆိုင်ရာ ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် တင်သွင်းမည်ဆိုပါက တင်သွင်းမည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်သည် အမျိုးသားအဆင့် စာရင်းဝင်ရမည်ဖြစ်ကြောင်းနှင့် ယူနက်စကိုသို့တင်သွင်းမည့် လက်ဖက်ယဉ်ကျေးမှုနှင့်ပတ်သက်သည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ခေါင်းစဉ်အမည် သတ်မှတ်နိုင်ရေး မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံလက်ဖက်အသင်း (ရန်ကုန်၊ မန္တလေး) နှင့် ဝန်ကြီးဌာန ကျွမ်းကျင်ပညာရှင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်က မိမိတို့အနေဖြင့် မြန်မာနိုင်ငံ လက်ဖက်အသင်း (ရန်ကုန်)နှင့် ပူးပေါင်း၍ ယူနက်စကို သတ်မှတ်ပုံစံ ICH–02 Form အား ဖြည့်သွင်းလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ လက်ဖက်အသင်းအနေဖြင့် Consent Letter and Video၊ Statement Letter and Video များ ရယူနိုင်ရေးဆောင်ရွက်မည်ဖြစ်ကြောင်း၊ တင်သွင်းမည့်ခေါင်းစဉ် (Element) အနေဖြင့် လက်ဖက်စိုယဉ်ကျေးမှုဟု လျာထားသတ်မှတ်ထားကြောင်း၊ အဆိုပါ ခေါင်းစဉ်တင်သွင်းရန်အတွက် ဖော်ပြသင့်သည့်ခေါင်းစဉ်အမည်ကို ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အမျိုးသားပြတိုက် (ရန်ကုန်) ညွှန်ကြားရေးမှူး ဒေါ်နန်းလောဝ်ငင်းက ယူနက်စကိုသို့ တင်သွင်းရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် လုပ်ငန်းဆောင်ရွက်ရမည့် အချိန်ကာလများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက အထွေထွေဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# (၇၇) နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အခမ်းအနားကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၀**

(၇၇) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို ဌာန-၁ ၌ ကျင်းပရာ အမျိုးသားကာကွယ် ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင် ချုပ်ဦးအောင်လင်းဒွေး တက်ရောက်အမှာ စကားပြောကြားသည်။ **(ယာပုံ)**

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီး များ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိ လိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့် အရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့ များမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ မြန်မာ နိုင်ငံဆိုင်ရာ ပြည်ပသံရုံးများမှတာဝန်ရှိသူ များ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြ သည်။

### လူ့အခွင့်အရေးကိုအလေးထား

ဦးစွာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက အမှာစကား ပြောကြားရာတွင် ယနေ့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်သည် ကမ္ဘာ့လူ့အခွင့် အရေးကြေညာစာတမ်းကို ကုလသမဂ္ဂ အထွေထွေညီလာခံက အတည်ပြု ထုတ်ပြန်ခဲ့သည့် (၇၇) နှစ်ပြည့်မြောက် သောနေ့ဖြစ်သကဲ့သို့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့လည်း ဖြစ်ကြောင်း၊ ယနေ့ကျရောက်သည့် အပြည်ပြည် ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနား များကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင်းပ ပြုလုပ်လေ့ရှိခြင်းကြောင့် မိမိတို့မြန်မာ နိုင်ငံအနေဖြင့်လည်း လူ့အခွင့်အရေးကို အလေးထားသည့်အနေဖြင့် ယခုအခမ်း အနားကို ကျင်းပခြင်းဖြစ်ကြောင်း။

ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း တွင် အပိုဒ်ပေါင်း ၃၀ ပါရှိပြီး လူ့အခွင့် အရေးအားလုံး၏ အခြေခံများ၊ ပြည်သူ့ ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများ၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ အကြောင်း ဖော်ပြပါရှိကြောင်း၊ ယင်း ကြေညာစာတမ်းသည် လူသားအားလုံး တွင် မွေးရာပါအခွင့်အရေးများ ပိုင်ဆိုင် ကြောင်း ပထမဆုံး အသိအမှတ်ပြုခဲ့သည့် သမိုင်းဝင်စာတမ်းဖြစ်ပြီး ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံ UDHR ကို အတည် ပြုရန် မဲခွဲသည့်အခါ မြန်မာနိုင်ငံသည် ကြေညာစာတမ်းကို ထောက်ခံမဲပေးခဲ့ သည့် နိုင်ငံ ၄၈ နိုင်ငံတွင် အပါအဝင် ဖြစ်ခဲ့ကြောင်း၊ ကုလသမဂ္ဂအထွေထွေ ညီလာခံက ယင်းကြေညာစာတမ်း အတည်ပြုခဲ့သည့် ဒီဇင်ဘာ ၁၀ ရက်ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အဖြစ် သတ်မှတ်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

ကမ္ဘာ့လူ့အခွင့်အရေး ကြေညာ စာတမ်း ပေါ်ပေါက်လာပြီးသည့်နောက် နိုင်ငံတကာက ကြေညာစာတမ်းပါ အခွင့် အရေးများကို အခြေခံပြီး ဥပဒေအရ စည်းနှောင်မှုနှင့်အတူ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန်အတွက် အပြည် ပြည်ဆိုင်ရာ လူ့အခွင့်အရေးနှင့် ပတ်သက် ဆက်နွှယ်သည့် သဘောတူစာချုပ်များ အသီးသီးပေါ်ပေါက်ခဲ့ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် လူ့အခွင့် အရေးကို လေးစားလိုက်နာပြီး နိုင်ငံ တကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် အတွက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့် အရေး သဘောတူစာချုပ်များတွင် စာချုပ် ဝင်နိုင်ငံအဖြစ် ခေတ်အဆက်ဆက်၏ နိုင်ငံတော်အစိုးရများက ပါဝင်လက်မှတ် ရေးထိုးခဲ့ကြောင်း၊ ကလေးသူငယ်အခွင့် အရေးများဆိုင်ရာ သဘောတူစာချုပ်၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၊ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည် ဆိုင်ရာ သဘောတူစာချုပ်စသည့် စာချုပ် များကို ပါဝင်ချုပ်ဆိုခဲ့ကြောင်း၊ အဆိုပါ စာချုပ်များနှင့်ဆက်စပ်သည့် နောက် ဆက်တွဲ သဘောတူစာချုပ်တချို့ကို လည်း ပါဝင်ချုပ်ဆိုထားပြီးဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် သက်ဆိုင်ရာ စာချုပ်များတွင်ပါသည့် တာဝန်ဝတ္တရား များကို အကောင်အထည်ဖော်ဆောင် ရွက်နိုင်ရန်အတွက် ပြည်တွင်းဥပဒေ များ ပြဋ္ဌာန်းကျင့်သုံးလျက်ရှိသကဲ့သို့ အမျိုးသားအဆင့်ကော်မတီများ ဖွဲ့စည်း ထားရှိပြီး နိုင်ငံအဆင့်အစီရင်ခံစာများကို စာချုပ်ကော်မတီများထံ ပုံမှန်တင်သွင်း လျက်ရှိကြောင်း။

နိုင်ငံတော်အတွင်း မှီတင်းနေထိုင် ကြသည့် တိုင်းရင်းသားပြည်သူများ၏ အခြေခံအခွင့်အရေးများ ရရှိခံစားနိုင်စေ ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) အခန်း (၈) တွင် နိုင်ငံသား၊ နိုင်ငံသား များ၏ မူလအခွင့်အရေးနှင့် တာဝန်များ ကို ထည့်သွင်းပြဋ္ဌာန်းထားပါကြောင်း၊ ထို့ကြောင့် နိုင်ငံသားများအနေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် မူလအခွင့် အရေးနှင့် လူ့အခွင့်အရေးများ ရယူနိုင် သကဲ့သို့ လိုက်နာရန် ပြဋ္ဌာန်းထားသည့် တာဝန်များကိုလည်း လိုက်နာကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံသား များ၏ မူလအခြေခံအခွင့်အရေးများကို ပိုမိုမြှင့်တင် ကာကွယ်စောင့်ရှောက်နိုင် ရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ကို ၂၀၁၁ ခုနှစ် တွင် စတင်ဖွဲ့စည်းပေးခဲ့ကြောင်း။

ထိုသို့ ဖွဲ့စည်းပေးခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥပဒေကို ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းပေးခဲ့ပြီး ကော်မရှင်ဥပဒေပါ လုပ်ငန်းတာဝန်များ ထဲတွင် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ပတ်သက်သည့် တိုင်ကြားချက်များအပေါ် စုံစမ်းစစ်ဆေးခြင်း၊ လူ့အခွင့်အရေး အသိ ပညာပေးခြင်း၊ လူ့အခွင့်အရေးဆိုင်ရာ အကြံပြုတိုက်တွန်းချက်များ ပေးခြင်းတို့ ပါဝင်နေသည်ကို တွေ့ရှိရကြောင်း၊ ၂၀၁၁ ခုနှစ်က စတင်ဖွဲ့စည်းခဲ့သည့် ကော်မရှင် သက်တမ်းသည် ယခုဆိုလျှင် ၁၄ နှစ် ကျော်ခဲ့ပြီဖြစ်ပြီး နိုင်ငံသားများ၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ် စောင့်ရှောက်ရေး ဆောင်ရွက်မှုများသည် လည်း အတိုင်းအတာတစ်ခုအထိ ခရီး ရောက်ခဲ့ပြီဖြစ်ကြောင်း။

### သက်သေသာဓကတစ်ခုဖြစ်

နိုင်ငံအတွင်းနေထိုင်ကြသည့် နိုင်ငံသူ၊ နိုင်ငံသားများ၏ လူ့အခွင့်အရေးကို မြှင့်တင်ကာကွယ်ပေးရန် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် ကို ဖွဲ့စည်းတည်ထောင်ပေးထားခြင်း သည် နိုင်ငံတော်က လူ့အခွင့်အရေးကို အလေးထားကြောင်းပြသသည့် သက်သေ သာဓကတစ်ခုလည်းဖြစ်ကြောင်း။

လူ့အဖွဲ့အစည်း တစ်ရပ်အတွင်း၌ လူ့အခွင့်အရေးကို လေးစားလိုက်နာ ကျင့်သုံးခြင်းဖြင့် အဆိုပါလူ့အဖွဲ့အစည်း ၏ တည်ငြိမ်အေးချမ်းရေးကို များစွာ အထောက်အကူပြုမည် ဖြစ်သကဲ့သို့ တည်ငြိမ်အေးချမ်းမှုရှိမှသာ တရားဥပဒေ စိုးမိုးရေးအားကောင်းမည် ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံသားများအားလုံး အေးချမ်း ပျော်ရွှင်စွာ နေထိုင်လုပ်ကိုင်နိုင်ကြပြီး လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာမည် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသူ နိုင်ငံသားများအားလုံး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ကိုယ်စိတ်နှလုံး ချမ်းမြေ့စွာဖြင့် လုပ်ကိုင်စားသောက်နေ ထိုင်နိုင်ရေး၊ ဆင်းရဲချမ်းသာကွာဟမှု လျော့ချနိုင်ရေးတို့အတွက် နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ် အေးချမ်းရေးတို့ကို အလေးထားဆောင် ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ပြည်သူ လူထု၏ စစ်မှန်သည့် လိုလားချက်ဖြစ် သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ စနစ်ကို အခြေခံသော ပြည်ထောင်စုကြီး ဖြစ်ပေါ်လာစေရေးအတွက် စည်းစနစ် ကျနမှုရှိပြီး လွတ်လပ်ပြီး တရားမျှတမှု အပြည့်ရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိသည်ကို အားလုံး အသိပင်ဖြစ်ကြောင်း။

### ပူးပေါင်းပါဝင်ရန် လိုအပ်

ဒီမိုကရေစီစနစ်တွင် အထွေထွေ ရွေးကောက်ပွဲသည် အသက်ဖြစ်ပြီး အလွန် အရေးကြီးသည့်အတွက် ရွေးကောက်ပွဲ အထမြောက်ရန်နှင့် ဥပဒေနှင့်ညီညွတ်ရန် အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားပြည်သူအားလုံးကလည်း သိက္ခာရှိသည့် ရွေးကောက်ပွဲ၊ အောင်မြင် သည့် ရွေးကောက်ပွဲဖြစ်စေရေးနှင့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ် အခိုင်အမာရောက်ရှိစေရေးတို့အတွက် အားလုံးက ညီညီညွတ်ညွတ်ပူးပေါင်း ပါဝင်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော် တစ်ခုတည်ဆောက်ရာတွင် ပြည်သူလူထု သည် အကြီးမားဆုံးအင်အားဖြစ်သည် နှင့်အညီ တည်ငြိမ်အေးချမ်းသည့် လူ့အဖွဲ့ အစည်းဖြစ်စေရေးနှင့် တရားမျှတသည့် ရွေးကောက်ပွဲများဖြစ်စေရေး ပြည်သူ လူထုက တက်ကြွစွာပါဝင်ရန်၊ အချင်းချင်း လေးစားမှုရှိရန်နှင့် တာဝန်ယူမှုများရှိရန် လိုအပ်ကြောင်း။

ဆန္ဒမဲပေးခြင်း မပေးခြင်းသည် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဖြစ်သကဲ့ သို့ ဆန္ဒမဲပေးရန် နိုင်ငံသားတစ်ဦး၏ တာဝန်ဖြစ်ကြောင်း၊ နိုင်ငံသားများအနေ ဖြင့် မိမိတို့အခွင့်အရေးကို အပြည့်အဝ အသုံးချပြီး မိမိတို့၏ တာဝန်ဝတ္တရားများ ကိုလိုက်နာကာ နိုင်ငံ့အကျိုးကို ရှေးရှု၍ မိမိတို့၏ ဆန္ဒသဘောထားများကို ထုတ် ဖော်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မဲပေးပိုင်ခွင့်ရှိသူအားလုံးက မကြာမီ ကျင်းပပြုလုပ်တော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ပါဝင်ဆန္ဒမဲ ပေးခြင်းဖြင့် နိုင်ငံသားတစ်ဦး၏ တာဝန် ကျေပွန်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ လူ့အခွင့် အရေးနှင့် နိုင်ငံသားတို့၏တာဝန်သည် ဒီမိုကရေစီအခြေခံအုပ်ချုပ်ရေးစနစ်နှင့် ကောင်းမွန်သော လူ့အဖွဲ့အစည်းတစ်ခု တည်ဆောက်ရေးအတွက် တစ်ခုနှင့် တစ်ခုဆက်စပ်ပြီး ဟန်ချက်ညီရန် လိုအပ် သည့် အခြေခံအယူအဆနှစ်ရပ်ဖြစ်ကြောင်း။

လက်ရှိနိုင်ငံတော်၏ အာဏာသုံးရပ် ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ယူဆောင်ရွက်နေသည့် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေ ဖြင့်လည်း အထွေထွေရွေးကောက်ပွဲကြီး တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် ပြည်သူအားလုံး ဆန္ဒမဲပေးနိုင်ရေးနှင့် လွတ်လပ်မျှတစွာ မဲပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ယင်းသည် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားအခွင့်အရေးကို အလေးထား ဆောင်ရွက်ခြင်းဖြစ်ကြောင်းကို အသိပေး ပြောကြားလိုကြောင်း။

ယခုနှစ် အပြည်ပြည်ဆိုင်ရာလူ့အခွင့် အရေးနေ့အတွက် ကုလသမဂ္ဂ၏ဆောင်ပုဒ် မှာ **"Our Everyday Essentials"** ဖြစ် ကြောင်း၊ လူသားများ၏ နေ့ရက်တိုင်းတွင် လူ့အခွင့်အရေးသည် မရှိမဖြစ်၊ မပါမဖြစ် အရေးကြီးသည့် အရာဖြစ်သည်ဟု ဖော်ညွှန်းလိုခြင်းဖြစ်ကြောင်း၊ မိမိတို့ အနေဖြင့် နေ့စဉ်လူမှုဘဝ လှုပ်ရှား ဆောင်ရွက်မှုတိုင်းတွင် လူ့အခွင့်အရေး အခြေခံသဘောတရားများ ပါဝင်သည့် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း စသည့် လောကပါလတရား (၃) ပါး လက်ကိုင်ထား ဆောင်ရွက်ကြမည်ဆိုပါက ငြိမ်းချမ်းသာယာသည့် လူ့ဘောင်အဖွဲ့ အစည်း ဖွံ့ဖြိုးတိုးတက်သည့် အသိုက် အဝန်း အမှန်တကယ် ပေါ်ပေါက်လာမည် ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် တိုင်းပြည် သာယာဝပြောရေးတို့ကို ဦးစားပေး ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံသားများ ၏ အခြေခံအခွင့်အရေးများကို မြှင့်တင် ကာကွယ်နိုင်ရန် ဥပဒေသတ်မှတ်ချက် များအတိုင်း အလေးထား အကောင် အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ် ကြောင်း။

နိုင်ငံသားတစ်ဦးသည် အခွင့်အရေး များနှင့်အတူ လူ့အဖွဲ့အစည်းအတွင်း နေထိုင်သူတစ်ဦးအနေဖြင့် ထမ်းဆောင် ရန်တာဝန်များလည်း ရှိနေပါကြောင်း၊ ယင်းတာဝန်များသည် လူ့အဖွဲ့အစည်းကို ငြိမ်းချမ်းစွာလည်ပတ်စေရန် အခွင့် အရေးများကို အကာအကွယ်ပေးရန်နှင့် အများပြည်သူ ကောင်းကျိုးအတွက် ပူးပေါင်းပါဝင်ရန်ဖြစ်ကြောင်း၊ လူ့အဖွဲ့ အစည်း၏ ငြိမ်းချမ်းရေးနှင့်စည်းမျဉ်း စည်းကမ်း တည်ဆောက်ရေးအတွက် အခြေခံအကျဆုံးသော တာဝန်သည် ဥပဒေကို လေးစားလိုက်နာခြင်းပင် ဖြစ်ကြောင်း၊ *စာမျက်နှာ ၉ သို့*

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်


ရွေးကောက်ပွဲကျင်းပရန်
၁၇
ရက်
သာ လိုတော့သည်။

## တတိယအကြိမ် မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီအစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

တတိယအကြိမ် မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှု တိုက်ဖျက်ရေးကော်မတီ အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Jasmine ဟိုတယ်၌ ဆက်လက်ကျင်းပပြုလုပ်သည်။

အဆိုပါအစည်းအဝေးသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထိုက်နှင့် ကော်မတီဝင်မြန်မာ့တပ်မတော်မှ အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ် ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov နှင့်ကော်မတီဝင် ရုရှားတပ်မတော်မှအရာရှိကြီးများ တက်ရောက်ကြသည်။




အစည်းအဝေးတွင် မြန်မာ-ရုရှား အကြမ်းဖက်မှု တိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်နိုင်ငံမှ ကော်မတီဝင်များက ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှု တိုက်ဖျက်ရေးကော်မတီပူးတွဲဥက္ကဋ္ဌများက ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားများ ပြောကြားခဲ့သည်။

ထို့နောက် မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှု တိုက်ဖျက်ရေးကော်မတီပူးတွဲဥက္ကဋ္ဌများ ဖြစ်ကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထိုက်နှင့် ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov တို့သည် အစည်းအဝေး သဘောတူညီချက်များအား အတည်ပြုလက်မှတ်ရေးထိုးကြပြီး (ဝဲပုံ) အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြကာ အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ် ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ အဆင့်မြင့်ပညာဦးစီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာန၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ တက်ရောက်ကြပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များနှင့် ပါမောက္ခ၊ ဌာနမှူးများက Online ဖြင့် တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက သိပ္ပံပွဲတော်(Science Festival)ကျင်းပရေး၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ သုတေသန ညီလာခံကျင်းပရေး၊ တက္ကသိုလ်ဝင်စာမေးပွဲ မအောင်မြင်သူများအတွက် အလုပ်အကိုင်ရရှိရေး အထောက်အကူပြု အတတ်ပညာ ကျွမ်းကျင်မှု (Skilled Labour) သင်တန်းများ ဖွင့်လှစ်ရေး၊ မူလတန်းပြဆရာ ဆရာမများအတွက် အင်္ဂလိပ်စာ အရည်အသွေးမြှင့်တင်မှု သင်တန်း ဖွင့်လှစ်ရေး၊ အရည်အသွေး အာမခံမှု (QA)စနစ် အကောင်အထည်ဖော်ရေး၊ သင်ကြားသင်ယူမှုတွင် ဉာဏ်ရည်တုနည်းပညာ အသုံးပြုရေး၊ တက္ကသိုလ်ဥပဒေရပ် ကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ ကျောင်းတက်နှုန်းမြင့်မားရေးနှင့် အေးချမ်းစွာပညာသင်ကြားနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးရာ ပါမောက္ခချုပ်များ၊ ပါမောက္ခများက ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



> **၁၀ - ၁၂ - ၂၀၂၅ ရက်နေ့**
> **ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**
>
> သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၈၀၀၀၀ ကျပ် ဖြစ်သည်။
>
> **ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## သာကေတမြို့နယ်၌ မဲရုံပြုလုပ်မည့်နေရာများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မဲရုံအသုံးပြုမည့်နေရာများအား တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက မြေပြင်ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ မြေပြင်ကွင်းဆင်း စစ်ဆေး ဆောင်ရွက်ရာတွင် ဗိုလ်တထောင်ခရိုင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစန်းကို၊ သာကေတမြို့နယ်အဆင့် လုံခြုံရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်သူနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ မဲရုံထားရှိမည့်နေရာများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အိရွှေစင်လတ်(ပြန်/ဆက်)**

*စာမျက်နှာ ၈ မှ*

တရားမျှတပြီး တာဝန်သိသော ဆန္ဒမဲပေးခြင်း၊ လူမှုရေးလှုပ်ရှားမှုများတွင် ပါဝင်ခြင်းများသည် နိုင်ငံသားတစ်ဦးအနေဖြင့် အများပြည်သူဆိုင်ရာကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိမိ၏ လွတ်လပ်ခွင့်သည် အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်ကို မထိခိုက်စေရန်လည်းလိုကြောင်း၊ နိုင်ငံသားတစ်ဦး၏ တာဝန်များကို ထမ်းဆောင်ခြင်းသည် အခြားသူများ၏ အခွင့်အရေးကို လေးစားခြင်းနှင့် မိမိကိုယ်တိုင်၏ အခွင့်အရေးများကို ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ကြောင်း။

တရားဥပဒေစိုးမိုးရေးနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်သည် နိုင်ငံသားများ၏ အခွင့်အရေးများကို အာမခံချက်ပေးပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံသားတာဝန်များကို ထမ်းဆောင်ခြင်းအားဖြင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ကို ပံ့ပိုးပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ကော်မရှင်၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်သဝဏ်လွှာကို ဖတ်ကြား၍ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် Video Clip ကို ပြသသည်။

ယင်းနောက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးအား မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌက ဂုဏ်ပြုအမှတ်တရလက်ဆောင်ကို လက်ရောက်ပေးအပ်သည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "အားလုံးအတွက် လူ့အခွင့်အရေး" သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးသည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုထားသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း တိုင်းရင်းသားဘာသာပြန်စာအုပ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ရုရှားဘာသာ၊ အင်္ဂလိပ်ဘာသာ သရုပ်ဖော်ပုံစာအုပ်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများနှင့် ပုံနှိပ်ထုတ်ဝေဖြန့်ချိလျက်ရှိသော လူ့အခွင့်အရေးဆိုင်ရာ စာအုပ်စာတမ်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# လူ့အခွင့်အရေး - အနာဂတ်သို့ လမ်းပြမီးတိုင်

## အောင်ကောင်းမြတ်

လူ့အခွင့်အရေးဆိုသည်မှာ လူသားအားလုံးအတွက် မွေးရာပါအခွင့်အရေးဖြစ်သည်။ လူတစ်ဦးချင်းစီသည် မည်သည့်လူမျိုး၊ နေရာ၊ နိုင်ငံသား (သို့) တိုင်းရင်းသား၊ ဘာသာ၊ အသားအရောင်၊ လိင်၊ လူမှုရေး၊ စီးပွားရေးနှင့် အခြားသော အဆင့်အတန်းတို့အပေါ် မူတည်၍ ခွဲခြားမှုမရှိစေဘဲ တန်ဖိုးတူ ဂုဏ်သိက္ခာတူသူများ ဖြစ်ကြပါသည်။

**အနာဂတ်၏ငြိမ်းချမ်းရေးကိုတည်ဆောက်ရာတွင် ပြည်သူများ ပါဝင်ခွင့်သည် မရှိမဖြစ်လိုအပ်သော လူ့အခွင့်အရေးဖြစ်သည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ပြည်သူလူထု၊ အထူးသဖြင့် အမျိုးသမီးများ၊ လူငယ်များနှင့် တိုင်းရင်းသားလူနည်းစုများ ပါဝင်ခွင့်ရမှသာ လူ့အဖွဲ့အစည်းတစ်ခုလုံး၏ လိုအပ်ချက်များကို သိရှိနိုင်စေမည်ဖြစ်သည်။ လူ့အခွင့်အရေး စံနှုန်းများအရလည်း နိုင်ငံသားတိုင်းသည် မိမိတို့၏ အနာဂတ်ကို ဆုံးဖြတ်မည့်ကိစ္စများတွင် ပါဝင်ခွင့်ရှိရမည်**

၎င်းအခွင့်အရေးများသည် မဖျက်ဆီးနိုင်သော အရာများဖြစ်ပြီး မည်သည့်အစိုးရ သို့မဟုတ် အဖွဲ့အစည်းမှ ပယ်ဖျက်ခွင့် မရှိခဲ့ပါ။ ထို့ကြောင့်လည်း လူ့အခွင့်အရေးသည် အနာဂတ်၏ အကန့်အသတ်မရှိသော တန်ဖိုးတစ်ခုဖြစ်လာခဲ့ပါသည်။ လူ့အခွင့်အရေး၏ အခြေခံအယူအဆမှာ "လူတိုင်းတွင် ဂုဏ်သိက္ခာရှိပြီး တန်းတူညီမျှ အခွင့်အရေးရှိသည်" ဟူသော ယုံကြည်ချက်ဖြစ်ပါသည်။ ၎င်းအယူအဆသည် လူသားတို့၏ ဂုဏ်သိက္ခာကို အခြေခံထားပြီး တန်ဖိုးထားမှု၊ လေးစားမှုနှင့် ညီမျှမှုကို အခြေခံကာ လူ့အဖွဲ့အစည်းတစ်ရပ် သဟဇာတဖြစ်တည်မှုအပေါ် အခြေခံထားပါသည်။ လူ့အခွင့်အရေးသည် လူ့အဖွဲ့အစည်းတိုးတက်မှုအတွက် အခြေခံအုတ်မြစ်များဖြစ်ပြီး ယနေ့ခေတ်တိုးတက်မှုနှင့် စိန်ခေါ်မှုများကြားက အနာဂတ်သို့ သွားရာလမ်းတွင် အလင်းရောင်ပေးသော မီးတိုင်ကြီးတစ်ခု ဖြစ်ပါသည်။

နိုင်ငံအသီးသီးတွင် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် တန်းတူညီမျှမှုရှိရေးဆိုသည့် အခြေခံစဉ်းစားချက်များနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို အထောက်အကူပြုနိုင်ရန် ကုလသမဂ္ဂအထွေထွေညီလာခံက ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) ထုတ်ပြန်ခဲ့ပါသည်။ လူ့အခွင့်အရေးအတွက် သမိုင်းတွင်သည့်နေ့အဖြစ်သာမက လူသားအဖွဲ့အစည်းတစ်ရပ်လုံးငြိမ်းချမ်းမှုနှင့် ညီမျှမှုအတွက် လမ်းပြမီးတိုင်တစ်တိုင် ဖြစ်လာခဲ့ပြီး နောင်အနာဂတ်မျိုးဆက်များ အမှတ်ရစေရန်နှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခြေခံအခွင့်အရေးများကို တန်ဖိုးထားစေသော၄ာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အဖြစ်လည်း သတ်မှတ်ခဲ့ပါသည်။

ငြိမ်းချမ်းပြီးတည်ငြိမ်သော လူ့အဖွဲ့အစည်းကို တည်ဆောက်ရန်အတွက် လူ့အခွင့်အရေးသည် အခြေခံအုတ်မြစ်ပင်ဖြစ်ပါသည်။ လူသားအားလုံး၏ ဂုဏ်သိက္ခာကို အသိအမှတ်ပြုခြင်းမရှိပါက ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို ဖန်တီး၍မရနိုင်ပါ။ လူ့အခွင့်အရေးသည် နိုင်ငံရေး၊ စစ်ရေးပဋိပက္ခများကို ရှောင်ရှားရန်နှင့် အနာဂတ်အတွက် လုံခြုံသော ပတ်ဝန်းကျင်ကို ဖန်တီးပေးရန် မီးရှူးတန်ဆောင်သဖွယ် လမ်းပြပေးလျက်ရှိပါသည်။

### လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေး

တရားဥပဒေစိုးမိုးရေးဆိုသည်မှာ အစိုးရအပါအဝင် မည်သူမဆို ဥပဒေအောက်တွင် ရှိရမည်၊ ဥပဒေသည် အများပြည်သူသိရှိနိုင်သော၊ မျှတသော၊ အားလုံးအတွက် တန်းတူသက်ရောက်သော ဥပဒေဖြစ်ရမည်ဟု ဆိုလိုသည်။ လူ့အခွင့်အရေးများ၏ အဓိက ယန္တရားလည်းဖြစ်သည်။ တရားဥပဒေစိုးမိုးရေးစနစ် ခိုင်မာပါက နိုင်ငံသားတိုင်းသည် ဥပဒေ၏အကာအကွယ်ကို တန်းတူရရှိသည်။ တရားဥပဒေစိုးမိုးမှုရှိမှသာ လူ့အခွင့်အရေး ချိုးဖောက်ခံရသူများအတွက် အကာအကွယ်နှင့် အမှန်တရား၊ တရားမျှတမှုနှင့် နစ်နာကြေးရရှိရန် လမ်းဖွင့်ပေးနိုင်သည့်အလျောက် လူ့အခွင့်အရေး မီးတိုင်ကို ခိုင်မာစွာ ထိန်းထားပေးသည့် မဏ္ဍိုင်တစ်ခုလည်း ဖြစ်ပါသည်။

### ပြည်သူပါဝင်မှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု

အနာဂတ်၏ငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် ပြည်သူများ ပါဝင်ခွင့်သည် မရှိမဖြစ် လိုအပ်သော လူ့အခွင့်အရေးဖြစ်သည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ပြည်သူလူထု၊ အထူးသဖြင့် အမျိုးသမီးများ၊ လူငယ်များနှင့် တိုင်းရင်းသားလူနည်းစုများ ပါဝင်ခွင့်ရမှသာ လူ့အဖွဲ့အစည်းတစ်ခုလုံး၏ လိုအပ်ချက်များကို သိရှိနိုင်စေမည်ဖြစ်သည်။ လူ့အခွင့်အရေးစံနှုန်းများအရလည်း နိုင်ငံသားတိုင်းသည် မိမိတို့၏ အနာဂတ်ကို ဆုံးဖြတ်မည့်ကိစ္စများတွင် ပါဝင်ခွင့်ရှိရမည်။ (ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများ)။

### အရည်အသွေးပြည့်ဝသော ပညာရေးသည် အနာဂတ် ဖွံ့ဖြိုးတိုးတက်မှု၏ သော့ချက်

လွတ်လပ်စွာ ပညာသင်ကြားခွင့်သည်လည်း လူ့အခွင့်အရေးကြေညာစာတမ်း၏ အရေးပါသော အပိုင်းဖြစ်ပြီး ပညာရေးသည် လူတစ်ဦးချင်းစီ၏ အသိပညာ၊ ကျွမ်းကျင်မှုနှင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတို့ကို တည်ဆောက်ပေးပြီး မိမိတို့၏ စွမ်းရည်များကို အပြည့်အဝ အသုံးချနိုင်စေမည်။ အနာဂတ်၏ အရည်အသွေးပြည့်ဝသော ပညာသင်ကြားခွင့်ရရှိသည့် လူငယ်များသည် နည်းပညာ၊ စီးပွားရေးနှင့် သိပ္ပံပညာ နယ်ပယ်များတွင် ပါဝင်ဆောင်ရွက်နိုင်ပြီး နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်တင်ပေးမည်ဖြစ်သည်။ ပညာရေးသည်လည်း လူ့အခွင့်အရေး မညီမျှမှုကို ဖြေရှင်းရန်အတွက် အားကောင်းသော မီးတိုင်တစ်ခုလည်း ဖြစ်ပါသည်။

### ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝ ရရှိခွင့်နှင့် ကပ်ရောဂါကာလ သင်ခန်းစာများ

ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရရှိခွင့်ဆိုသည်မှာ လူမျိုး၊ ဝင်ငွေ သို့မဟုတ် ဒေသမခွဲခြားဘဲ လူတိုင်းအတွက် အရည်အသွေးပြည့်ဝသော ကျန်းမာရေးဝန်ဆောင်မှုများကို ရယူနိုင်ခြင်းဟု ဆိုနိုင်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါကာလက ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု မညီမျှမှုကို ပိုမိုထင်ရှားပါသည်။ ဆင်းရဲသော နိုင်ငံများတွင် ကာကွယ်ဆေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကပ်ရောဂါဆိုင်ရာ အချက်အလက်များကို ရယူရာတွင် များစွာ ခွဲခြားဆက်ဆံခြင်းများခံခဲ့ရပြီး ကမ္ဘာ့အဆင့် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ထိုဖြစ်ရပ်က ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးသည်လည်း လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်အဖြစ် လက်တွေ့တွေ့မြင်ခဲ့ရပါသည်။

### လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်

ယနေ့ခေတ်တွင် သဘာဝပတ်ဝန်းကျင်သည်လည်း လူ့အခွင့်အရေးနှင့် ခွဲခြား၍ မရနိုင်အောင် ဆက်နွှယ်နေပြီဖြစ်သည်။ သဘာဝပတ်ဝန်းကျင်သည် လူသားတို့ အသက်ရှင်ဖွံ့ဖြိုးရန် လိုအပ်သည့် အခြေခံအချက်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင် ပျက်စီးသွားလျှင် လူ့အခွင့်အရေးများလည်း ထိခိုက်ပျက်စီးသွားနိုင်သည်။ ဥပမာအားဖြင့် ရာသီဥတုပြောင်းလဲမှုကြောင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်း၊ ရေသန့်အရင်းအမြစ်များ ပျောက်ဆုံးခြင်း၊ သစ်တောပြုန်းတီးခြင်း၊ သဘာဝဘေးအန္တရာယ်များ တိုးလာခြင်းတို့သည် လူသားများ၏ အသက်ရှင်သန်ခွင့်နှင့် ကျန်းမာရေး အခွင့်အရေးကို ချိုးဖောက်လျက်ရှိသည်။

ထို့ပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုမရှိခြင်းသည်လည်း **"အနာဂတ်မျိုးဆက်များ၏ အခွင့်အရေး"**ကို ချိုးဖောက်လျက်ရှိပါသည်။ နေရာအနှံ့တွင် စက်မှုဖွံ့ဖြိုးရေးအတွက် သဘာဝအရင်းအမြစ်များကို အလွန်အကျွံအသုံးပြုခြင်းသည် အနာဂတ် ကလေးလူငယ်များအတွက် သဘာဝအရင်းအမြစ် နည်းပါးခြင်း၊ လေထုညစ်ညမ်းခြင်းနှင့် ရေရှားခြင်းစသည့် ပြဿနာများကို ကြုံတွေ့လာနိုင်သည်။ ထို့ကြောင့် **"သဘာဝပတ်ဝန်းကျင်ကောင်းတွင် ကောင်းမွန်စွာ အသက်ရှင်သန်ခွင့်"**ကိုလည်း လူ့အခွင့်အရေးတစ်ခုအဖြစ် သတ်မှတ်ရန် လိုအပ်လာသည့်အတွက် ၂၀၂၂ ခုနှစ်တွင် ကုလသမဂ္ဂက **"သဘာဝပတ်ဝန်းကျင်ကောင်းတွင် အသက်ရှင်သန်ခွင့်"**ကို လူ့အခွင့်အရေးအဖြစ် တရားဝင် အတည်ပြုခဲ့ပါသည်။

### အနာဂတ်မီးတိုင်ကိုထွန်းညှိ၍ ပိုမိုကောင်းမွန်သော ကမ္ဘာလုံးဆိုင်ရာ အနာဂတ်ကို တည်ဆောက်ခြင်း

လူ့အခွင့်အရေးကို မြှင့်တင်ခြင်းဖြင့် ပိုမိုကောင်းမွန်သော ကမ္ဘာလုံးဆိုင်ရာအနာဂတ်ကို တည်ဆောက်ရမည်။ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးတန်းတူညီမျှမှုနှင့် လွတ်လပ်သောပညာရေး ရရှိခွင့်များပြည့်စုံမှသာ လူတိုင်းသည် မိမိတို့၏ အနာဂတ်ကို အပြည့်အဝအသုံးချနိုင်ပြီး လူမှုအသိုက်အဝန်းတိုးတက်ရေးတွင် တက်ကြွစွာ ပါဝင်လာနိုင်မည်။ လူသားအရင်းအမြစ်များ အပြည့်အဝ ဖွံ့ဖြိုးတိုးတက်မှသာ နည်းပညာ၊ ရာသီဥတုနှင့် ကပ်ရောဂါဆိုင်ရာ ခေတ်သစ်စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်မည်ဖြစ်သည်။

လူ့အခွင့်အရေးသည် ဤခရီးလမ်း၏ လမ်းပြမြေပုံလည်းဖြစ်ပြီး သမိုင်း၏အမွေအနှစ်၊ ပစ္စုပ္ပန်၏ စံနှုန်းနှင့် အနာဂတ်၏ မျှော်လင့်ချက်လည်းဖြစ်သည်။ လူ့အဖွဲ့အစည်းအတွင်း ခွဲခြားမှု၊ ဆင်းရဲမွဲတေမှုနှင့် ပဋိပက္ခများ၏ အမှောင်ကို ဖြိုခွဲမည့် ထာဝရမီးတိုင်လည်း ဖြစ်သည်။ ၎င်းမီးတိုင်သည် လူသားအားလုံးအတွက် လွတ်လပ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းရေးတို့ကို အစဉ်အမြဲ ထွန်းညှိပေးနေမည်ဖြစ်ပြီး ၎င်းမီးတိုင်ကို ကာကွယ်စောင့်ရှောက်ရန်မှာ ကမ္ဘာပေါ်ရှိ လူသားတိုင်း၏ အရေးကြီးဆုံးသော တာဝန်ပင် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

*** လွတ်လပ်စွာ ပညာသင်ကြားခွင့်သည်လည်း လူ့အခွင့်အရေးကြေညာစာတမ်း၏ အရေးပါသောအပိုင်းဖြစ်ပြီး ပညာရေးသည် လူတစ်ဦးချင်းစီ၏ အသိပညာ၊ ကျွမ်းကျင်မှုနှင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတို့ကို တည်ဆောက်ပေးပြီး မိမိတို့၏ စွမ်းရည်များကိုအပြည့်အဝအသုံးချနိုင်စေမည်။ အနာဂတ်၏အရည်အသွေးပြည့်ဝသော ပညာသင်ကြားခွင့်ရရှိသည့် လူငယ်များသည် နည်းပညာ၊ စီးပွားရေးနှင့် သိပ္ပံပညာနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်နိုင်ပြီး နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်တင်ပေးမည်ဖြစ်သည်။ ပညာရေးသည်လည်း လူ့အခွင့်အရေးမညီမျှမှုကို ဖြေရှင်းရန်အတွက် အားကောင်းသော မီးတိုင်တစ်ခုလည်းဖြစ်**

*** လူ့အခွင့်အရေးကို မြှင့်တင်ခြင်းဖြင့် ပိုမိုကောင်းမွန်သော ကမ္ဘာလုံးဆိုင်ရာအနာဂတ်ကို တည်ဆောက်ရမည်။ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးတန်းတူညီမျှမှုနှင့် လွတ်လပ်သောပညာရေး ရရှိခွင့်များပြည့်စုံမှသာ လူတိုင်းသည် မိမိတို့၏အနာဂတ်ကို အပြည့်အဝအသုံးချနိုင်ပြီး လူမှုအသိုက်အဝန်းတိုးတက်ရေးတွင် တက်ကြွစွာပါဝင်လာနိုင်မည်။ လူသားအရင်းအမြစ်များ အပြည့်အဝ ဖွံ့ဖြိုးတိုးတက်မှသာ နည်းပညာ၊ ရာသီဥတုနှင့် ကပ်ရောဂါဆိုင်ရာ ခေတ်သစ်စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်မည်**

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေးကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၁၀

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၅)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးသို့ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦး၊ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ တာဝန်ရှိသူများနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ် မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌက မူးယစ်ဆေးဝါးပြဿနာသည် လူသားမျိုးနွယ်စုတစ်ရပ်လုံးကို ခြိမ်းခြောက်အန္တရာယ်ပြုနေသည့် ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်ကြောင်း၊ UNODC ၏ စာရင်းဇယားများအရ ၂၀၂၃ ခုနှစ်တွင် တစ်ကမ္ဘာလုံး၌ မူးယစ်ဆေးဝါးသုံးစွဲသူဦးရေ ၃၁၆ သန်းခန့်ရှိကြောင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုများသည် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှု စသည့် နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် ဆက်နွယ်လျက်ရှိပြီး နိုင်ငံတော်၏လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်စေလျက်ရှိကြောင်း။

မြန်မာနိုင်ငံအတွင်း အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် ဖြစ်ပေါ်နေသော အခြေအနေအပေါ် အခွင့်ကောင်းယူပြီး ၎င်းတို့၏ ဝင်ငွေရလမ်းဖြစ်သော မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများကို တိုးမြှင့်လုပ်ဆောင်နေကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို အခြားနိုင်ငံများမှ နည်းလမ်းမျိုးစုံဖြင့် မြန်မာနိုင်ငံအတွင်းသို့ ချိတ်ဆက်သယ်ဆောင်ပြီး မူးယစ်ဆေးဝါးများကို ၎င်းတို့နယ်မြေအတွင်း ထုတ်လုပ်လျက်ရှိကြောင်း။

ဘိန်းခင်းဖျက်ဆီးမှုကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ဆက်စပ်ဦးစီးဌာနများ ပူးပေါင်းပြီး နယ်မြေခံပြည်သူ့စစ်အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ နှစ်စဉ်ဖျက်ဆီးလျက်ရှိရာ ယခုနှစ်တွင်လည်း ယခင်ကထက် တိုးမြှင့်ဖျက်ဆီးနိုင်ရန် အင်တိုက်အားတိုက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဘိန်းစိုက်ပျိုးမှုပပျောက်ရေးအတွက် အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးစီမံခန့်ခွဲမှု အဖွဲ့အနေဖြင့် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရရန်ပုံငွေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဟိုပုံးနှင့် ဆီဆိုင်မြို့နယ် (မဲနယ်တောင်တန်းနှင့် ပွန်ချောင်းကြားဒေသ)တွင် ကျေးရွာ ၆၅ ရွာ၊ ထိုင်းနိုင်ငံ ONCB နှင့်ပူးပေါင်း၍ မယ့်ဖားလုံဖောင်ဒေးရှင်းမှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နောင်တရားဒေသတွင် ကျေးရွာ ၉၉ ရွာ၊ UNODC နှင့် ပူးပေါင်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံး၊ လွိုင်လင်နှင့် တောင်ကြီးမြို့နယ်တို့တွင် ကျေးရွာ ၇၅ ရွာတို့၌ ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

လက်ရှိကာလတွင် လူငယ်များအတွင်း စီးကရက်၊ E စီးကရက်နှင့် Vape အသုံးပြုမှုများ တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြောင်း၊ Vape တွင်အသုံးပြုသည့် Etomidate သည် ကက်တမင်းနှင့် အကျိုးသက်ရောက်မှုအတူတူဖြစ်ပြီး အခြားမူးယစ်ဆေးဝါးများလည်း ရောနှောအသုံးပြုနိုင်၍ အချို့နိုင်ငံများတွင် Vape နှင့် Etomidate သုံးစွဲမှုများကို ကန့်သတ်ထိန်းချုပ်မှုများ ပြုလုပ်နေကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကန့်သတ်ထိန်းချုပ်နိုင်ရေး ကျန်းမာရေးဝန်ကြီးဌာနနှင့် ဥပဒေရေးရာဝန်ကြီးဌာနတို့ ညှိနှိုင်းပေါင်းစပ်ပြီး စိစစ်သုံးသပ်ရန် လိုအပ်မည်ဖြစ်ကြောင်း။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ထုတ်လုပ်မှု၊ တရားမဝင် ရောင်းဝယ်ဖောက်ကားမှုနှင့် အလွဲသုံးမှုများကို ပိုမိုထိန်းချုပ်နိုင်ရေးအတွက် စိစစ်ကြပ်မတ်ရာတွင် ထိန်းချုပ်ဓာတုပစ္စည်းနှင့် ထိန်းချုပ်ထားခြင်းမရှိသည့် အခြားဓာတုပစ္စည်းများ၊ မူးယစ်ဆေးဝါးချက်လုပ်သည့် နေရာတွင် အစားထိုးအသုံးပြုနိုင်သော ဓာတုပစ္စည်းမျိုးကွဲများ၊ ကြားခံဓာတုပစ္စည်းများကို ပြဋ္ဌာန်းဥပဒေများမှ ရှောင်လွဲပြီး နည်းလမ်းမျိုးစုံအသုံးပြုကာ ချက်လုပ်လာသည့်အတွက် သေချာစွာ စိစစ်ကြပ်မတ်ရန်လိုကြောင်း၊ ဓာတုပစ္စည်းများ လမ်းလွဲရောက်ရှိမှုမှ မူးယစ်ဆေးဝါးထုတ်လုပ်သူများထံသို့ မရောက်ရှိစေရေးအတွက် ဓာတုပစ္စည်းတင်သွင်းမှုကို ယခုထက်ပိုမိုပြီး စနစ်တကျ ထိန်းချုပ်ဆောင်ရွက်နိုင်မည့် ဆိပ်ကမ်းတစ်ခုတည်းမှသာ ဝင်/ထွက်ခွင့်ပြုသည့် စနစ်တစ်ခု (Single Port Entry) ထူထောင်ရန် လိုအပ်သည်ကို သုံးသပ်တွေ့ရှိရကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်း နိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ရန်ကုန်မြို့အခြေစိုက် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် UNODC၊ AFP၊ DEA၊ NNCC၊ ONCB တို့နှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ကြိုးပမ်းဆောင်ရွက်ချက်များ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့် စပ်လျဉ်း၍လည်းကောင်း၊ တက်ရောက်လာသူများက မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၀**

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်အောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိရာ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြကြသည်။



**ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း(အောင်ပန်း) ရှိ သင်တန်းသားများ လက်တွေ့လေ့ကျင့်နေမှုအခြေအနေအား ကြည့်ရှုစစ်ဆေးစဉ်။**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ကာလအတွင်း လုပ်ငန်းများအချိန်မီပြီးစီးရေး၊ ဆောင်ရွက်ပြီးစီးခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ ခိုင်မြဲစေရေးအတွက် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်နိုင်ရေး စည်းရုံးဆောင်ရွက်သွားကြရန် မှာကြားပြီး ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ကာ ရုံးဝင်းအတွင်း ဆောင်ရွက်ထားရှိသည့် ကျောက်စီမြေထိန်းနံရံနှင့် ရာသီသီးနှံစိုက်ပျိုးရေး ဆောင်ရွက်ထားရှိမှုများ၊ ဝန်ထမ်းများ သက်သာ ချောင်ချိရေးအတွက် ဒေသကြက် မွေးမြူထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး တိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ထိန်းသိမ်းနိုင်အောင် ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသား အချင်းချင်း စည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မြဲအောင် ဆောင်ရွက်နိုင်ရေးအတွက် သင်တန်းကျောင်းရှိ တာဝန်ရှိသူများက ကြိုးပမ်းသွားကြရန် မှာကြားကာ ချီးမြှင့်ငွေများ ပေးအပ်၍ သင်တန်းစင်တာအတွင်း ဖွင့်လှစ်ထားရှိသည့် ကွန်ပျူတာ အခြေခံသင်တန်းနှင့် ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်း လက်တွေ့သင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အေးသာယာမြို့ရှိ စွယ်တော်ကျောင်းတိုက် ဆရာတော်များအား ဖူးမြော်ကြည်ညို၍ နယ်စပ်ရေးရာဝန်ကြီးဌာနမှ နှစ်စဉ်ထောက်ပံ့လှူဒါန်းလျက်ရှိသည့် ဆွမ်းဆန်တော်နှင့် ကျောင်းတိုက်အတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ပညာသင်ကြားလျက်ရှိသော နယ်စပ်ဒေသအသီးသီးမှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံး ဗလာစာအုပ်များ ထောက်ပံ့ပေးအပ် လှူဒါန်းပြီး ကျောင်းတိုက်အတွင်း လှည့်လည်ကြည့်ရှုကာ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သော ကိစ္စရပ်များကို စီမံဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း၊ တာဝန်ရှိသူများနှင့်အတူ ပင်းတယမြို့နယ် ကုံလုံစံကျောင်းသွား လမ်းခွဲမှ ကုံလုံစံကျောင်းသို့ ဆက်သွယ်ထားရှိသည့် ကျောက်လမ်း တစ်မိုင် တစ်ဖာလုံကို ကတ္တရာထပ်ပိုးလွှာခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ သင်တန်းကျောင်း ကျောင်းအုပ်၊ ဝန်ထမ်းများ၊ နည်းပြများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများ၌ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာ၌ ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထားလျက် ထူးချွန်ထက်မြက်သည့် နိုင်ငံ့သားကောင်း၊ သမီးကောင်းများ ဖြစ်ပေါ်လာစေရေး အလေးထား

*စာမျက်နှာ ၁၂ သို့*

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်ရေး ပြည်သူလူထုလှုံ့ဆော်ရေး Campaign ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မဲပေးခြင်းသည် နိုင်ငံသားများက အမျိုးသားရေး တာဝန်ထမ်းဆောင်ခြင်းဖြစ်ပြီး ရွေးကောက်ပွဲမှ သည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့ ဖော်ဆောင်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ ၂၀၂၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီရွေးကောက်ပွဲ လှုံ့ဆော်မှု Campaign ကို နိုင်ငံတစ်ဝန်းလုံး ဆောင်ရွက်လျက်ရှိသည်။



ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက် ပွဲအောင်မြင်ရေးပြည်သူလူထုလှုံ့ဆော်ရေး Campaign ကိုဆောင်ရွက်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် သစ်တောနှင့် ပတ်ဝန်းကျင် ဆိုင်ရာ တက္ကသိုလ် (ရေဆင်း)တို့မှ ဒုတိယပါမောက္ခ ချုပ်နှင့် ပါမောက္ခဌာနမှူးများ၊ ကထိကများ၊ ဆရာ ဆရာမများ ကျောင်းသား ကျောင်းသူများ၊ တာဝန်ရှိသူ များနှင့်အတူ တက်ရောက်အားပေးသည်။

ဦးစွာ “ပြင်းထန်သည့် လျှောင်ဒဏ်ကို ကျော်ဖြတ် ကာ ပြန်လည်တည်ဆောက်ကြမည့် ပိုမိုကောင်းမွန် သော အနာဂတ်ဆီသို့”နှင့်“ရှေ့သို့ချီမည် ပန်းတိုင်ဆီ ” မှတ်တမ်းဗီဒီယိုများကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လာမည့် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ အားလုံး မဲပေးနိုင်ရေးအတွက် ယနေ့ Campaign ပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊ နိုင်ငံသားတိုင်းသည် မိမိတို့နိုင်ငံ၊ မိမိတို့ရပ်ရွာ၊ ဒေသကို ချစ်ကြပါကြောင်း၊

ထို့အတွက် အသက် (၁၈) နှစ်ပြည့်ပြီး နိုင်ငံ သားတိုင်းသည် မိမိတို့နိုင်ငံ၊ ရပ်ရွာ၊ ဒေသကို တိုးတက်အောင် လုပ်ဆောင်ပေးနိုင်မည့်ကိုယ်စား လှယ်များကို ဆန္ဒမဲပေးရန် တာဝန်ရှိပါကြောင်း၊ ထိုကဲ့သို့ ဆန္ဒမဲပေးခြင်းသည် နိုင်ငံသားတိုင်း၏ မွေးရာပါအခွင့်အရေးလည်း ဖြစ်ပါကြောင်း။

ရွေးကောက်ပွဲဆိုသည်မှာ ပါတီနိုင်ငံရေးဆိုသည် ထက် နိုင်ငံ့အရေးဖြစ်ပါကြောင်း၊ နိုင်ငံအတွက် မဲပေးသင့်သည်၊ မဲပေးရမည်ဆိုသည်ကို အသိပညာ ပေးလိုသည့်အတွက် ယနေ့အခမ်းအနားကို ကျင်းပ ရခြင်းဖြစ်ပါကြောင်း၊ ယခုကျင်းပသည့် ရွေးကောက် ပွဲသည် အရေးကြီးပါကြောင်း၊ ထို့ကြောင့် လာမည့် ရွေးကောက်ပွဲအတွက် မိမိတို့ပိုင်ဆိုင်သည့် အသဲ ကြားက မဲတစ်ပြားကို မိမိနှစ်သက်ရာ အဖွဲ့အစည်း ကို ဆန္ဒပြုမဲပေးခြင်းဖြင့် နိုင်ငံသားတာဝန်ကို ထမ်းဆောင်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိ သူများက တက်ရောက်လာကြသူများအတွက် MRTV DTH စလောင်းအစုံ ၃၀၊ DVB–T2 Set Top Box အလုံး ၂၀ တို့ကို ကံစမ်းမဲဖောက်ပေးပြီး မြန်မာ့ အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တီးဝိုင်းနှင့် အတူ နိုင်ငံကျော်အနုပညာရှင်များ၊ ဝန်ထမ်းများ က ယိမ်းအကအလှများ၊ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အလားတူ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိ သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် သစ်တော နှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်(ရေဆင်း)တို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ထမ်းများ အား “ဒို့အတူတူ မဲပေးကြမယ်” အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် မြန်မာအားကစားအဖွဲ့ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**ဘန်ကောက် ဒီဇင်ဘာ ၁၀**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၃)ကြိမ် မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကို ယမန်နေ့ညနေပိုင်းက ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Rajamangala National Stadium ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး





Jeng Phang နော်တောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်း ဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာအားကစား အဖွဲ့ခေါင်းဆောင်နှင့် တာဝန်ရှိသူ များ၊ မြန်မာအားကစားအဖွဲ့မှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ၊ ပြိုင်ပွဲဝင် နိုင်ငံများမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ် သူ၊ နည်းပြများနှင့် အားကစား သမားများ တက်ရောက်ခဲ့ကြ သည်။

ဖွင့်ပွဲ အခမ်းအနားတွင် President of NOC Thailand (SEAGF) ဝန်ကြီးချုပ် Anutin Charnvirakul က အဖွင့်မိန့်ခွန်း ပြောကြားပြီး ထိုင်းနိုင်ငံဘုရင် Vajiralongkorn က နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

ထို့နောက် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲကို တရားဝင်ဖွင့်လှစ် ကြောင်းကြေညာပြီး ထိုင်းနိုင်ငံမှ နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆု ရရှိခဲ့ကြသည့် အားကစားသမား များက မီးရှူးတိုင်အား လက်ဆင့် ကမ်း သယ်ဆောင်ထွန်းညှိကာ (၃၃)ကြိမ်မြောက် အရှေ့တောင် အာရှ အားကစားပြိုင်ပွဲအား ဖွင့်လှစ်ပေးခဲ့သည်။

(၃၃)ကြိမ်မြောက် အရှေ့ တောင်အာရှအားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံရှိ ဘန်ကောက်၊ ချွန်ဘူရီ နှင့် ချင်းမိုင်မြို့များတွင် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ အားကစား နည်း ၅၄ နည်း ထည့်သွင်းကျင်းပ လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၃၈ နည်းတွင် ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ် ကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၁ မှ*

ပြုစုပျိုးထောင်ပေးသွားရန်၊ နိုင်ငံ တော်မှ အခမဲ့ပညာသင်ကြားပေး သည်သာမက စားသောက်နေထိုင် ရေးကိစ္စများပါ တာဝန်ယူဆောင် ရွက်ပေးနေကြောင်း၊ နိုင်ငံတော် အပေါ် သစ္စာစောင့်သိရမည်ဖြစ် ကြောင်း၊ ကျောင်းသား ကျောင်းသူ များအား ဗလငါးတန်နှင့်ပြည့်စုံပြီး အသိဉာဏ်၊ ဆင်ခြင်တုံတရားနှင့် အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်ရေး အတွက် ပြုစုပျိုးထောင်ပေးသွား ကြရန်၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ဝေးဝေးကရှောင်ရှား ကြရန် ယခုအရွယ်ကစတင်၍ ကိုယ်ခန္ဓာ ကျန်းမာအောင်၊ စိတ်ဓာတ်ကြံ့ခိုင်အောင် ပြုစု ပျိုးထောင်ပေးကြရန် မှာကြား၍ ချီးမြှင့်ငွေများပေးအပ်ကာ ကျောင်း ဝင်းအတွင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပင်းတယမြို့မှ အောင်ပန်းမြို့ရှိ စက်မှုလက်မှု လုပ်ငန်းပညာသင်တန်းကျောင်း သို့ရောက်ရှိရာ သင်တန်းကျောင်း အုပ်က သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်း တင်ပြပြီး ပြည်ထောင်စုဝန်ကြီး က လိုအပ်သည်များ မှာကြားကာ ဝန်ထမ်းများနှင့် သင်တန်းသား၊ သင်တန်းသူများအတွက် ချီးမြှင့် ငွေများပေးအပ်၍ ဘာသာရပ် အလိုက် လေ့ကျင့်သင်ကြားနေမှု ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့၊**
**သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

## စဉ့်ကိုင်မြို့နယ်၌ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များဆောင်ရွက်ပေး

**စဉ့်ကိုင် ဒီဇင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးညဏ်စိုးနှင့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်း များနှင့် ဝန်ထမ်းမိသားစုဝင်များအနက်မှ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းတွင် မပါရှိသူများအား ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းကို မြို့မ ရပ်ကွက် ရွှေစေတီဘုရားဝင်းအတွင်းရှိ ဓမ္မာရုံ၌ ယမန်နေ့နံနက်ပိုင်း က ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် မကြာမီကျင်းပပြုလုပ်မည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အဆင်ပြေချောမွေ့ စွာ ဆန္ဒမဲပေးနိုင်ရန်အတွက် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အသက်(၁၈)နှစ်နှင့်အထက် ဝန်ထမ်းမိသားစုဝင်များ အနက်မှ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ၊ ပျောက်ဆုံး/ ပျက်စီး သူများနှင့် အိမ်ထောင်စုလူဦးရေစာရင်းတွင် မပါဝင်သူများအား လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီ တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင် သည်။

**မိုး/ဇလ**

# တိုင်းဒေသကြီးနှင့်ပြည်နယ်တို့ရှိ မြို့အသီးသီး၌ ပြည်သူလူထု စိတ်အေးချမ်းသာစွာ ပုံမှန်အတိုင်း သွားလာလှုပ်ရှားလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG ၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ၎င်းတို့၏ နိုင်ငံရေးလိုလားချက်ပြည့်ဝစေရန်အတွက် အေးချမ်းစွာ နေထိုင်လျက်ရှိသည့် ပြည်သူလူထုအား အကြမ်းဖက်တိုက်ခိုက်၊ သတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်အကြပ်ကိုင်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပြီး ပြည်သူလူထုအကြောက်တရား လွှမ်းမိုးစေရန်အတွက် Social Media အပါအဝင် နည်းလမ်းပေါင်းစုံသုံး၍ လုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခြင်းမရှိစေရေး၊ ပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာလှုပ်ရှားဆောင်ရွက်နိုင်မှု မရှိစေရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ပျက်စီးစေရေးအတွက် ဒီဇင်ဘာ ၁၀ ရက် ယနေ့တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ကို အကြောင်းပြ၍ Silent Strike ခေါ် လှုပ်ရှားမှုကို ပြုလုပ်ကြရန် လူမှုကွန်ရက်မှတစ်ဆင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်ဖိအားပေး လုပ်ဆောင်ခဲ့ကြသည်။



ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ အလှူဒါနအဖြစ် ရှင်လောင်းလှည့်လာသည်ကို တွေ့ရစဉ်။



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ဆိပ်ငယ်တံတား၌ ခရီးသွားများဖြင့် စည်ကားများပြားနေမှုကို တွေ့ရစဉ်။

**လုံခြုံရေးတိုးမြှင့်**

ထိုသို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် တာဝန်ရှိအဖွဲ့အစည်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ကြပ်မတ် ဆောင်ရွက်ပေးခဲ့သည့်အတွက် ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ကျောင်းကန်များ၊ ဘာသာရေးဆိုင်ရာ နေရာများ၌ သက်ဆိုင်ရာ ဘာသာဝင်များက လာရောက်၍စိတ်အေးချမ်းသာစွာ ဝတ်ပြုဆုတောင်းမှုများ ဆောင်ရွက်လျက်ရှိကြသည်။ ထို့ပြင် ဈေးများ၊ ဘဏ်များ၊ ဆေးရုံများ၊ လေကြောင်းခရီးစဉ်များ၊ မီးရထားခရီးစဉ်များ၊ ရေကြောင်းခရီးစဉ်များ၊ မော်တော်ယာဉ်လိုင်းများကို တည်ငြိမ်အေးချမ်းစွာဖြင့် ပုံမှန်အတိုင်း ဖွင့်လှစ်ပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် အဆောက်အအုံ ၁၀ လုံး ထပ်မံဖြိုချဖျက်ဆီး

# မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ဆောင်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ ထပ်မံရှင်းလင်း

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံး အခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး(KK Park)နယ်မြေအတွင်းရှိအွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃)နယ်မြေအတွင်းရှိတရားမဝင် လေးထပ်အဆောက်အအုံ တစ်လုံး၊ သုံးထပ်အဆောက်အအုံ တစ်လုံးနှင့် နှစ်ထပ်အဆောက်အအုံ ရှစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ၁၀ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၃၆၁ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် KK park နှင့် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ အဆိုပါနယ်မြေများ၌ ဖမ်းဆီးရမိခဲ့သည့် တရားမဝင် ပြည်ပနိုင်ငံသားများအား လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်



မြဝတီမြို့အနီးပတ်ဝန်းကျင်၌ တရားမဝင်နိုင်ငံခြားသားများ ထားရှိနိုင်သည့် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေစဉ်။



ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုခဲ့သည့် အသုံးဆောင်ပစ္စည်းများ မီးရှို့ဖျက်ဆီးနေမှု။

လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ - ရွှေကုက္ကိုလ်နယ်မြေမှ ဖမ်းဆီးထိန်းသိမ်းခဲ့သည့် ထိုင်းနိုင်ငံသား လေးဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးအပ်ခဲ့ကြောင်းနှင့် ကျန်ရှိသည့် တရားမဝင် ပြည်ပနိုင်ငံသားများအားလည်း သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးနိုင်ရေးဆက်လက်ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရှိရသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှစတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း အဆောက်အအုံ ၁၃၂ လုံး ထပ်မံစစ်ဆေးနိုင်ခဲ့ပြီး အဆိုပါ အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် တရားမဝင်နိုင်ငံသားများ တွေ့ရှိခြင်းမရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ဆင်ပေါင်ဝဲမြို့နယ်အတွင်း ကျေးရွာသုံးရွာရှိ မဲရုံအဖြစ် ဆောင်ရွက်မည့်နေရာများကို မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဒီဇင်ဘာ ၉ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း ကြီးကြပ်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရေးပစ္စည်းများ ထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးဆောင်ရွက်စဉ်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)



ပျော်ဘွယ်မြို့နယ်၌ ရွေးကောက်ပွဲကာလအကြို မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းကို မြို့နယ်လက်ထောက်မီးသတ်ဦးစီးမှူး ဦးမျိုးညွန့်အောင်နှင့် တပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းမှစတင်ကာ မြို့နယ် မြို့ပေါ်ရပ်ကွက်ရှိ မဲရုံအဖြစ် သတ်မှတ်ထားသည့်နေရာများ၌ မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

# ပိုက်ကျော်ခြင်း ကွင်းသွင်းခြင်းခတ်အမျိုးသား / အမျိုးသမီးအသင်းနှင့် ပီတန်းအားကစားနည်းတို့တွင် ငွေတံဆိပ်ဆုများနှင့် တိုက်ကွမ်ဒို အားကစားနည်းတွင် ကြေးတံဆိပ်ဆုများ ထပ်မံဆွတ်ခူးရယူ

**ထိုင်း ဒီဇင်ဘာ ၁၀**

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ခြင်းလုံး၊ ပိုက်ကျော်ခြင်း ကွင်းသွင်းခြင်းခတ်၊ ပီတန်း၊ ကနူးလှေလှော်၊ တိုက်ကွမ်ဒို၊ ခရစ်ကတ်နှင့် ဘိလိယက်နှင့်စနူကာ၊ ဘော်လီဘောပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ သက်ဆိုင်ရာ အားကစားကွင်း အားကစားရုံများ၌ ကျင်းပသည်။

ပိုက်ကျော်ခြင်း အမျိုးသမီးကွင်းသွင်း ခြင်းခတ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာ ထိုင်းအသင်းက ရမှတ် ၁၀၀၀ ဖြင့် ပထမ၊ မြန်မာအသင်းက ရမှတ် ၈၅၀ ဖြင့် ဒုတိယ၊ ဖိလစ်ပိုင်သင်းက ရမှတ် ၅၄၀ ဖြင့်တတိယနှင့် လာအိုအသင်းက ရမှတ် ၄၁၀ ဖြင့် ပူးတွဲတတိယတို့ အသီးသီးရရှိခဲ့ပြီး ပိုက်ကျော်ခြင်း အမျိုးသား ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ထိုင်းအသင်းက ရမှတ် ၈၈၀ ဖြင့် ပထမ၊ မြန်မာအသင်းက ရမှတ် ၇၉၀ ဖြင့် ဒုတိယ၊ ဖိလစ်ပိုင်အသင်းက ရမှတ် ၇၁၀ ဖြင့် တတိယ၊ ဘရူးနိုင်းအသင်းက ရမှတ် ၅၀၀ ဖြင့် ပူးတွဲတတိယတို့ အသီးသီးရရှိခဲ့သည်။

ပိုက်ကျော်ခြင်း အမျိုးသား၊ အမျိုးသမီး ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲများတွင် မြန်မာနိုင်ငံအတွက် ငွေတံဆိပ်ဆုများကို ဆွတ်ခူးရယူပေးနိုင်ခဲ့သည့်အတွက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက မြန်မာ ပိုက်ကျော်ခြင်း ကွင်းသွင်းခြင်းခတ် အမျိုးသား၊ အမျိုးသမီးအသင်းမှ အားကစားသမားများကို ဂုဏ်ပြုချီးမြှင့်ငွေUSD $ 200 စီဖြင့် စုစုပေါင်း USD $ 400 အားပေးအပ်ချီးမြှင့်ခဲ့သည်။

ပီတန်း အမျိုးသမီး Shooting ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ထိုင်းအသင်းကရမှတ် ၄၃ မှတ်ဖြင့် ပထမ၊ မြန်မာအသင်းက ရမှတ် ၃၇ မှတ်ဖြင့် ဒုတိယရရှိခဲ့ပြီး မြန်မာအသင်းမှ ပီတန်းအားကစားသမား ခင်ချယ်ရီသက်သည် မြန်မာနိုင်ငံအတွက် ငွေတံဆိပ်ဆုကို ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

ကနူး မီတာ ၅၀၀ တစ်ဦးချင်းပြိုင်ပွဲတွင် ထိုင်းအသင်းက စံချိန် 01: 58 . 314 စက္ကန့်ဖြင့် ပထမ၊ မြန်မာအသင်းက စံချိန် 01: 58 . 773 စက္ကန့်ဖြင့် ဒုတိယ၊ ဗီယက်နမ်အသင်းက စံချိန် 02: 03 . 663 စက္ကန့်ဖြင့် တတိယတို့ အသီးသီးရရှိခဲ့ပြီး ကနူး မီတာ ၅၀၀ တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာအသင်းမှ မျိုးလှိုင်ဝင်းသည် မြန်မာနိုင်ငံအတွက် ဒုတိယ ငွေတံဆိပ်ဆုကို ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

Free Style Mixed Team ပြိုင်ပွဲတွင် ဗီယက်နမ်အသင်းက ပထမ၊ ထိုင်းအသင်းက ဒုတိယ၊ ဖိလစ်ပိုင်အသင်းနှင့် မြန်မာအသင်းတို့က ပူးတွဲတတိယတို့ ရရှိခဲ့သည်။




(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ဒီဇင်ဘာ ၁၀ ရက် ပြိုင်ပွဲများအပြီးတွင် မြန်မာအသင်းအနေဖြင့် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် လေးခု၊ ကြေးတံဆိပ် တစ်ခု စုစုပေါင်း ဆုတံဆိပ် ခုနစ်ခုဖြင့် နိုင်ငံအလိုက် အဆင့် ၃ တွင် ရပ်တည်နိုင်ခဲ့သည်။




မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဇော်ဇော်စိုး၊ စစ်သံမှူးကြီး ဗိုလ်မှူးချုပ် ဝင်းသူလင်း၊ မြန်မာအားကစားအဖွဲ့ ခေါင်းဆောင်နှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

**သတင်းစဉ်**






## (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု အခြေအနေ

၁၀-၁၂-၂၀၂၅

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ထိုင်း | ၁၉ | ၁၃ | ၁၀ | ၄၂ |
| ၂ | အင်ဒိုနီးရှား | ၅ | ၉ | ၇ | ၂၁ |
| ၃ | စင်ကာပူ | ၅ | ၄ | ၅ | ၁၄ |
| ၄ | ဗီယက်နမ် | ၄ | ၄ | ၁၆ | ၂၄ |
| ၅ | မြန်မာ | ၂ | ၄ | ၁ | ၇ |
| ၆ | မလေးရှား | ၂ | ၂ | ၉ | ၁၃ |
| ၇ | ဖိလစ်ပိုင် | ၂ | ၂ | ၉ | ၁၃ |
| ၈ | လာအို | ၁ | ၁ | ၆ | ၈ |
| ၉ | ဘရူနိုင်း | ၀ | ၁ | ၁ | ၂ |
| ၁၀ | တီမော | ၀ | ၀ | ၁ | ၁ |

◆ ဆုတံဆိပ်များမှာ ည ၁၀ နာရီအထိ--

❖ *ကျောဖုံးမှ*

ရယူပေးနိုင်ခဲ့ပြီး ဗိုလ်လုပွဲတွင် မြန်မာအမျိုးသမီးအသင်းသည် အိမ်ရှင် ထိုင်းအမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ရမှတ် ၅၀၂ မှတ် – ၄၄၆ မှတ်ဖြင့် အပြတ်အသတ်အနိုင်ရရှိကာ ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရွှေတံဆိပ်ဆုသည် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ ပထမဆုံးဆုတံဆိပ် ဖြစ်သကဲ့သို့ မြန်မာနိုင်ငံအတွက်လည်း ပထမဆုံး ဆုတံဆိပ်ဖြစ်ကြောင်း သိရသည်။ အဆိုပါခြင်းလုံးပြိုင်ပွဲတွင် လာအိုခြင်းလုံးအမျိုးသမီး အသင်းက ၃၁၅ မှတ်ဖြင့် တတိယရရှိခဲ့ပြီး မလေးရှားအသင်းက ၇၇ မှတ်ဖြင့် စတုတ္ထရရှိခဲ့သည်။

ထို့အပြင် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ရိုးရာခြင်းလုံးပြိုင်ပွဲတွင် မြန်မာခြင်းလုံးအမျိုးသားအသင်းကလည်း မြန်မာနိုင်ငံအတွက် ဒုတိယမြောက် ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့သည်။ အမျိုးသားခြင်းလုံးဗိုလ်လုပွဲတွင်လည်း မြန်မာနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး မြန်မာအသင်းက ရမှတ် ၅၇၄ မှတ် – ၅၀၁ မှတ်ဖြင့် အနိုင်ရရှိခဲ့ကာ ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါခြင်းလုံးပြိုင်ပွဲတွင် လာအိုအသင်းက ၃၇၅ မှတ်ဖြင့်တတိယရရှိခဲ့ပြီး မလေးရှားအသင်းက ရမှတ် ၁၆၀ ဖြင့် စတုတ္ထရရှိခဲ့သည်။

မြန်မာနိုင်ငံအတွက် ထိုက်ထိုက်တန်တန်ဖြင့် ပထမဆုံး ရွှေတံဆိပ်ဆုကို ဆွတ်ခူးရယူပေးခဲ့သည့် ခြင်းလုံးအမျိုးသမီးအသင်းနှင့် ဒုတိယမြောက် ရွှေတံဆိပ်ဆုကို ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့သည့် ခြင်းလုံးအမျိုးသားအသင်းတို့ကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက USD $ 600၊ ကမ္ဘောဇဘဏ် နာယက ဦးအောင်ကိုဝင်းက ထိုင်းဘတ်ငွေ ခြောက်သိန်း၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်က ထိုင်းဘတ်ငွေ ငါးသောင်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်နှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာ အထောက်အကူပြုကော်မတီဝင်များက ထိုင်းဘတ်ငွေ ငါးသောင်းနှင့် USD $ 400၊ မြန်မာနိုင်ငံခြင်းလုံးနာယက ဦးစိုးတင့်က ထိုင်းဘတ်ငွေ သုံးသောင်း၊ မြန်မာနိုင်ငံ ခြင်းလုံးဥက္ကဋ္ဌ ဦးရဲဝင်းထွဋ်တင်က USD $ 3000 နှင့် ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်မြတ်က USD $ 1000၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်လေးမွန်နှင့်အဖွဲ့က USD $ 600 နှင့် ထိုင်းဘတ်ငွေ တစ်သောင်း ပေးအပ်ချီးမြှင့်ကြသည်။

**ဇော်ဇော်**

# ဆီးဂိမ်းပြိုင်ပွဲမှာ နဂါးလှေအသင်းက စည်းစည်းလုံးလုံးနဲ့ ကြိုးစားပြီး ဆုတံဆိပ်ရရှိအောင် ကြိုးပမ်းခဲ့ပါမယ်

ဒေါ်လင်းလင်းကျော်


ဦးကြည်မြင့်


ဦးစောသောင်းသောင်းစံ


ဒေါ်လင်းလင်းကျော်


ဦးကျော်ဝဏ္ဏအောင်


ဦးစိုးမင်းအောင်


ဦးဘုန်းမြင့်တေဇာ


ဦးအောင်တင်ထွန်း


ဒေါ်အိသက်မွန်

(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပလျက်ရှိရာ မြန်မာနိုင်ငံကိုယ်စားပြုအားကစားသမားများသည် သက်ဆိုင်ရာ အားကစားနည်းအလိုက် ပါဝင်ယှဉ်ပြိုင်ရန် နိုဝင်ဘာ ၃၀ ရက်မှစတင်၍ အဖွဲ့လိုက် ထိုင်းနိုင်ငံသို့ ထွက်ခွာလျက်ရှိသည်။

ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံကိုယ်စားပြု စားပွဲတင်တင်းနစ်အားကစားသမားများသည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့လည်းကောင်း၊ နဂါးလှေအမျိုးသား၊ အမျိုးသမီး အားကစားသမားများနှင့် မြင်းစီးအားကစားသမားများသည် ထိုင်းနိုင်ငံ ချွန်ဘူရီမြို့သို့လည်းကောင်း၊ ညနေပိုင်းတွင် သေနတ်ပစ်အားကစားသမားများသည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့လည်းကောင်း သက်ဆိုင်ရာအုပ်ချုပ်သူ၊ နည်းပြများနှင့်အတူ ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားကြသည်။

အဆိုပါ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုဆုတံဆိပ်များရရှိရေး ကြိုးပမ်းကာ ပါဝင်ယှဉ်ပြိုင်သွားကြမည့် မြန်မာနိုင်ငံကိုယ်စားပြုအားကစားသမားများနှင့် အုပ်ချုပ်သူ၊ နည်းပြများအား တွေ့ဆုံ မေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ပါသည်။

**ဦးကြည်မြင့်**
**စားပွဲတင်တင်းနစ်**
**အားကစားသမား**

လွန်ခဲ့တဲ့ ရှစ်လလောက်ကတည်းက နည်းပြတွေနဲ့ လေ့ကျင့်ရေးလုပ်ခဲ့ပါတယ်။ ဆီးဂိမ်းမတိုင်ခင် ကျွန်တော်တို့ ဘန်ကောက်မှာ မကြာခဏ သွားရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ စားပွဲတင်တင်းနစ်မှာ ကျွန်တော်က အသင်းလိုက်ရယ်၊ တစ်ဦးချင်းရယ်၊ နှစ်ယောက်တွဲရယ်၊ ဝင်ရောက်ယှဉ်ပြိုင်မှာပါ။ အဓိကပြိုင်ဘက် ထိုင်း၊ စင်ကာပူ၊ ဗီယက်နမ်နဲ့ မလေးရှားတို့က အင်အားကောင်းတယ်။ သူတို့ကို ဖြတ်ကျော်ပြီး ရွှေတံဆိပ်ရအောင် ယူပြီး ပြန်လာပါမယ်။

**ဦးစောသောင်းသောင်းစံ**
**နဂါးလှေအမျိုးသား**
**အားကစားသမား**

ကျွန်တော်တို့ နဂါးလှေအမျိုးသားအသင်းက အချိန်ယူပြီး လေ့ကျင့်ထားတယ်။ ရုရှားနိုင်ငံမှာ သွားရောက်ယှဉ်ပြိုင်ခဲ့ပြီးဖြစ်ပါတယ်။ အခု ဆီးဂိမ်းမှာ အကောင်းဆုံးကြိုးစားယှဉ်ပြိုင်ပြီး ရွှေတံဆိပ်ဆုရအောင် ကြိုးစားသွားပါမယ်။ အမျိုးသား မီတာ ၂၀၀ နဲ့ မီတာ ၅၀၀ တို့မှာ ပါဝင်ယှဉ်ပြိုင်သွားပါမယ်။ ဒီပြိုင်ပွဲကို အကောင်းဆုံး ယှဉ်ပြိုင်ပြီး ဆုတံဆိပ်တွေကို ရင်ဝယ်ပိုက်နိုင်အောင် စည်းလုံးညီညွတ်စွာနဲ့ ကြိုးစားခဲ့ပါမယ်။

**ဒေါ်လင်းလင်းကျော်**
**နဂါးလှေအမျိုးသမီး**
**အားကစားသမား**

အခု ဆီးဂိမ်းပြိုင်ပွဲအတွက် ကျွန်မတို့ နှစ်နှစ်လောက်လေ့ကျင့်ထားပါတယ်။ ၂၀၁၆ ခုနှစ်ကစပြီး နဂါးလှေ အမျိုးသမီးအသင်း လက်ရွေးစင်ဖြစ်ခဲ့တယ်။ အခုဆိုရင် ဆီးဂိမ်းပြိုင်ပွဲတွေ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာ သုံးကြိမ်ရှိပါပြီ။ တစ်ဦးနဲ့တစ်ဦး စည်းလုံးညီညွတ်စွာနဲ့ ဆုတံဆိပ်ရရှိအောင် အကောင်းဆုံးကြိုးစားသွားမယ်။ အုပ်ချုပ်သူ၊ နည်းပြတွေရဲ့ သင်ကြားပေးမှုအပေါ် ညီညီညွတ်ညွတ်နဲ့ ကြိုးစားသင်ယူခဲ့ပါတယ်။ ဆီးဂိမ်းပြိုင်ပွဲမှာ နဂါးလှေအသင်းက စည်းစည်းလုံးလုံးနဲ့ ကြိုးစားပြီး ဆုတံဆိပ်ရရှိအောင် ကြိုးပမ်းခဲ့ပါမယ်။

**ဦးကျော်ဝဏ္ဏအောင်**
**မြင်းစီးအားကစားသမား**

ပြိုင်ပွဲအတွက် အများကြီးပြင်ဆင်ထားပါတယ်။ မြင်းစီးပြိုင်ပွဲ တန်းခုန်မှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ ဆီးဂိမ်းမတိုင်ခင် ပြည်တွင်း၊ ပြည်ပတွေမှာပါပြိုင်ထားတဲ့အတွေ့အကြုံတွေ အများကြီးရှိပါတယ်။ အခု ဆီးဂိမ်းပြိုင်ပွဲပြီးတော့ ဘန်ကောက်မှာပြုလုပ်မယ့် Prin-cess Cup ပြိုင်ပွဲမှာလည်း ထပ်မံဝင်ရောက် ယှဉ်ပြိုင်သွားမှာပါ။ အခုလို ဝါသနာပါတဲ့အလုပ်ကို လုပ်ရပြီး ဒီလိုနေရာရောက်လာခဲ့တဲ့အတွက် ဆုတံဆိပ်တွေအများကြီး မျှော်လင့်ထားတယ်။ ဒီအတွက် ကျွန်တော် အကောင်းဆုံးကြိုးစားသွားမှာပါ။

**ဦးစိုးမင်းအောင်**
**စားပွဲတင်တင်းနစ်**
**အားကစားအဖွဲ့ အုပ်ချုပ်သူ**

ပြိုင်ပွဲအတွက် အားကစားသမားတွေကို သူတို့ရဲ့ကျွမ်းကျင်မှု၊ ကြိုးစားအားထုတ်မှုနဲ့ အကောင်းဆုံး ရွေးချယ်ခဲ့ပါတယ်။ အုပ်ချုပ်သူ၊ နည်းပြ နှစ်ဦးနဲ့ ကစားသမား ခြောက်ဦး သွားရောက်မှာပါ။ ပြိုင်ပွဲအမျိုးအစား အားလုံးကို ကျွန်တော်တို့ ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ။ ပြိုင်ပွဲအမျိုးအစား ခြောက်မျိုးရှိပါတယ်။ ကျွန်တော်တို့ အကောင်းဆုံး ပြင်ဆင်ထားပါတယ်။ ပြင်ဆင်မှုအပိုင်းကို အကောင်းဆုံး ကြိုးစားထားတာဖြစ်တဲ့အတွက် အကောင်းဆုံး ရလဒ်တွေ သယ်ဆောင်လာမယ်လို့ ယုံကြည်ပါတယ်။ အကောင်းဆုံးကြိုးစားပြီး အမြင့်ဆုံးဆုတံဆိပ်တွေ မှန်းထားပါတယ်။

**ဦးဘုန်းမြင့်တေဇာ**
**နဂါးလှေအမျိုးသား**
**အားကစားအသင်း နည်းပြ**

နဂါးလှေအမျိုးသားအသင်းကို ဆန်ခါတင်အဆင့်ရဖို့အတွက် အလားအလာရှိတဲ့ အားကစားသမားတွေကိုအဆင့်ဆင့်ဖြတ်ကျော်အောင်နိုင်ပြီးမှ ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ ရွေးချယ်ထားတဲ့အားကစားသမားတွေကိုလည်း ယုံကြည်ထားတယ်။ အခု ဆီးဂိမ်းပြိုင်ပွဲမှာ ဆုတံဆိပ်တစ်ခုခု ရရှိရမယ်၊ အောင်မြင်မှုရရှိစေရမယ်လို့ မျှော်မှန်းထားတယ်။ နဂါးလှေအမျိုးသားအသင်းက ၁၀ ယောက်တွဲ မီတာ ၂၀၀၊ မီတာ ၅၀၀ နဲ့ အမျိုးသား အမျိုးသမီး ၂၀ ယောက်တွဲ မီတာ ၂၀၀၊ မီတာ ၅၀၀ တို့ကို ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ။

**ဦးအောင်တင်ထွန်း**
**နဂါးလှေ အမျိုးသမီး**
**အားကစားအသင်း နည်းပြ**

ဆီးဂိမ်းပြိုင်ပွဲအတွက် ပြည်နယ်နဲ့ တိုင်းဒေသကြီးပြိုင်ပွဲတွေက အလားအလာရှိတဲ့ အားကစားသမားတွေကိုတစ်ဦးချင်းစိတ်ကြိုက်ခေါ်ယူပြီး အတွဲလိုက်လေ့ကျင့်ပြီးတော့မှ အကောင်းဆုံး အားကစားသမားတွေကို ရွေးချယ်ခဲ့တယ်။ ပြိုင်ပွဲမှာ အမျိုးသမီးအသင်းက မီတာ ၂၀၀၊ ၁၀ တက်၊ မီတာ ၅၀၀၊ ၁၀ တက်၊ ၂ ကြိမ်တိုင်တိုင် ပါဝင်ယှဉ်ပြိုင်ရမှာပါ။ စုစုပေါင်း လေးပွဲယှဉ်ပြိုင်ရမှာပါ။ ပြိုင်ပွဲက ၁၈ ရက်၊ ၁၉ ရက်၊ နှစ်ရက် ယှဉ်ပြိုင်ရမယ်။ မီတာ ၂၀၀ ပြိုင်ပွဲကို ၁၈ ရက်မှာ ယှဉ်ပြိုင်ပြီး မီတာ ၅၀၀ ကို ၁၉ ရက်မှာ ယှဉ်ပြိုင်မှာပါ။ ရွှေတံဆိပ်ရဖို့ မျှော်မှန်းထားပါတယ်။ အားကစားသမားတွေရဲ့ ကြိုးစားအားထုတ်မှုကြောင့် ယုံကြည်မှုအပြည့်ရှိပါတယ်။ စံချိန်ကိုလည်း ခါတိုင်းနှစ်ထက် ပိုမိုရရှိအောင် မျှော်မှန်းထားပါတယ်။

**ဒေါ်အိသက်မွန်**
**မြင်းစီးအားကစား နည်းပြ**

ဒီတစ်ခေါက်ဆီးဂိမ်းမှာ ကစားသမား လေးဦးပါတယ်။ ပြိုင်ပွဲက နှစ်ပွဲ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ တစ်ပွဲက event teens နဲ့ တစ်ပွဲက တန်းခုန် ဖြစ်ပါတယ်။ ဆီးဂိမ်းအတွက် ပြင်ဆင်မှုကို ဇန်နဝါရီလကစခဲ့တယ်။ ကျွန်မတို့ဘက်က နည်းပြကစားသမားတွေပါသလို နိုင်ငံခြားနည်းပြတွေလည်းပါပါတယ်။ အတူတူပူးပေါင်းပြီး ပြင်ဆင်မှုတွေ လုပ်ခဲ့ပါတယ်။ အခု ဆီးဂိမ်းပြီးရင်လည်း ၂၀ ရက်ကနေ ၂၃ ရက်အထိ ထိုင်းနိုင်ငံမှာ ဆက်လက်ကျင်းပမယ့် Princess Cup မှာမြန်မာ့လက်ရွေးစင်လူငယ်လေးတွေ၊ သွေးသစ်လေးတွေနဲ့ တန်းခုန်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မှာပါ။ အခု Princess cup မှာ ပြိုင်မယ့် ကစားသမားနှစ်ဦးထဲက တစ်ဦးက ဆီးဂိမ်းထဲမှာပြိုင်တဲ့ ကစားသမားပါ။ သူ့အနေနဲ့က အိန္ဒိယနဲ့ ထိုင်းတို့မှာ ပြိုင်ခဲ့ဖူးပါတယ်။ နောက် အားကစားသမားတစ်ဦးက ဆီးဂိမ်းအတွက် ပဏာမရွေးချယ်ထားတဲ့သူဖြစ်ပြီး မြင်းပေးရတဲ့ အခက်အခဲကြောင့် သူက မပါဝင်လိုက်ရပေမယ့် ထူးချွန်တဲ့ ကစားသမားတစ်ယောက်ဖြစ်ပါတယ်။ ကျွန်မတို့ မြင်းစီးအားကစားမှာ အကောင်းဆုံးကြိုးစားပြီး ဆုတံဆိပ် မရရအောင်ယူခဲ့ပါမယ်။

**တွေ့ဆုံမေးမြန်း - ဇော်မင်းလတ်**
**ဓာတ်ပုံ - သီဟ**

## မြန်မာနှင့် ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းတို့ နောက်တစ်ဆင့်တက်ရေး အားပြိုင်မှုက ဘယ်လိုဖြစ်မလဲ

၂၀၂၅ ထိုင်းဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်များကို ဒီဇင်ဘာ ၁၁ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ညနေ ၃ နာရီခွဲတွင် ဖိလစ်ပိုင်နှင့် မလေးရှား၊ ဗီယက်နမ်နှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**မြန်မာနှင့် ဗီယက်နမ်**

မြန်မာအသင်းသည် ဗီယက်နမ်ကို သရေတစ်မှတ်ရလျှင် အုပ်စုပထမဖြင့် နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်မည်ဖြစ်သည်။ ဗီယက်နမ်နှင့် မြန်မာအသင်းတို့သည် ၂၀၂၃ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲတွင် ထိပ်တိုက်တွေ့ဆုံထားရာ ဗီယက်နမ်အသင်းက နှစ်ဂိုးပြတ် အနိုင်ရရှိထားသည်။

ထို့ကြောင့် မြန်မာအသင်းသည် ယခုပွဲစဉ်တွင် ဗီယက်နမ်အသင်းကို အဆိုပါ ရှုံးကြွေးဆပ်နိုင်သွားမည်လား သို့မဟုတ် ရှုံးကြွေးထပ်တင်သွားမည်လား စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**ဖိလစ်ပိုင်နှင့် မလေးရှား**

ဖိလစ်ပိုင်အသင်းသည် မလေးရှားအသင်းကို ပြတ်သားသော ရလဒ်ဖြင့် နိုင်ပွဲရရှိမှ နောက်တစ်ဆင့်တက်ရေးမျှော်လင့်ချက် ဆုပ်ကိုင်နိုင်မည်ဖြစ်သည်။

**ဇော်ဇော်**

## ယူ - ၂၂ အမျိုးသား ဘောလုံးပြိုင်ပွဲတွင် စင်ကာပူက ထိုင်းကို အနိုင်ရရှိမှသာ နောက်တစ်ဆင့်တက်ရေး မျှော်မှန်းနိုင်မည်

ထိုင်းဆီးဂိမ်းအမျိုးသား ယူ - ၂၂ ဘောလုံးပြိုင်ပွဲမှ ဗီယက်နမ်နှင့် မလေးရှား၊ ထိုင်းနှင့် စင်ကာပူအသင်းပွဲစဉ်များ ကို ဒီဇင်ဘာ ၁၁ ရက်တွင် အကြိတ်အနယ်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**ဗီယက်နမ်နှင့် မလေးရှား**

ဗီယက်နမ်နှင့် မလေးရှားအသင်းပွဲစဉ်ကို ညနေ ၃ နာရီခွဲတွင် စတင်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ မလေးရှားအသင်းသည် ဗီယက်နမ်အသင်းကို သရေတစ်မှတ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါက နောက်တစ်ဆင့်ကို တိုက်ရိုက်တက်လှမ်းခွင့်ရရှိမည်ဖြစ်သည်။ ဗီယက်နမ်အသင်းက မလေးရှားကို အနိုင်ရရှိမှသာ နောက်တစ်ဆင့်ကို တိုက်ရိုက်တက်လှမ်းခွင့်ရရှိမည်ဖြစ်သည်။

**ထိုင်းနှင့် စင်ကာပူ**

ထိုင်းနှင့် စင်ကာပူအသင်းပွဲစဉ်ကို ညနေ ၆ နာရီခွဲတွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ အဖွင့်ပွဲစဉ် တီမောလက်တေကို ရှုံးနိမ့်ထားသော စင်ကာပူအသင်းသည် ယခုပွဲစဉ်တွင် ထိုင်းအသင်းကို နိုင်ပွဲရရှိမှသာ နောက်တစ်ဆင့်ကို အကောင်းဆုံးအုပ်စုဒုတိယဖြင့် တက်လှမ်းခွင့် မျှော်မှန်းနိုင်မည်ဖြစ်သည်။

**ဇော်ဇော်**

# ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်းနှင့် မြောက်ပိုင်းတွင် အင်အားပြင်းငလျင်တစ်ခုလှုပ်ပြီးနောက် လူ ၅၂ ဦးခန့် ဒဏ်ရာရရှိ

**တိုကျို ဒီဇင်ဘာ ၁၀**

ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်းနှင့် မြောက်ပိုင်းတွင် ၇ ဒသမ ၅ မဂ္ဂနီကျူပမာဏရှိ အင်အားပြင်းငလျင်တစ်ခုလှုပ်ခဲ့ပြီးနောက် လူ ၅၂ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်ဟု ဒေသမီဒီယာများတွင် ဒီဇင်ဘာ ၁၀ ရက်က ဖော်ပြခဲ့သည်။

ငလျင်ကြောင့် အအိုမိုရီခရိုင်တွင် လူ ၁၇ ဦး၊ ဟော့ကိုင်းဒိုးခရိုင်တွင် ၁၁ ဦး၊ အိဝတဲခရိုင်တွင် လေးဦး အသီးသီးဒဏ်ရာရရှိခဲ့သည်ဟု ကျိုတိုသတင်းဌာနက ဖော်ပြခဲ့သည်။

ငလျင်ကြောင့် ဟော့ကိုင်းဒိုး၊ အအိုမိုရီ၊ အိဝတဲ၊ မီယာဂီနှင့် ဖူကူရှီးမားခရိုင်တို့ရှိ ကျောင်းပေါင်း ၃၀၀ ကျော်ကို ဒီဇင်ဘာ ၉ ရက်က ပိတ်ခဲ့ရသော်လည်း ငလျင်ဒဏ်ပြင်းပြင်းထန်ထန်ခံစားခဲ့ရသည့် စာသင်ကျောင်းများမှလွဲ၍ စာသင်ကျောင်းအချို့ကို ဒီဇင်ဘာ ၁၀ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်ဟု သတင်းဖော်ပြချက်အရ သိရသည်။

အအိုမိုရိ ပစိဖိတ်ကမ်းရိုးတန်း ကမ်းလွန်တွင် ဒီဇင်ဘာ ၈ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီ ၁၅ မိနစ်တွင် တုန်ခါမှုဖြစ်ပွားခဲ့သည်။

ဂျပန်မိုးလေဝသအေဂျင်စီက ငလျင်ကြောင့် အိဝတဲခရိုင်၊ ဟော့ကိုင်းဒိုးခရိုင်နှင့် အအိုမိုရီခရိုင်များအတွက် ဆူနာမီသတိပေးချက်ကို ထုတ်ပြန်ခဲ့သည်။ အိဝတဲခရိုင် ကူဂျီဆိပ်ကမ်းနှင့် အခြားဆိပ်ကမ်းများတွင် ဆူနာမီလှိုင်းများရောက်ရှိလာနိုင်ပြီး လှိုင်းအမြင့်သည် ၇၀ စင်တီမီတာ အမြင့်ရှိနိုင်သည်ဟု ဆိုသည်။

အင်အားပြင်းငလျင်လှုပ်ပြီးနောက် ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်း ပစိဖိတ်ကမ်းရိုးတန်းတစ်လျှောက်တွင် နောက်ထပ် ငလျင်ကြီးတစ်ခု ထပ်မံလှုပ်ခတ်နိုင်သေးကြောင်း မိုးလေဝသအေဂျင်စီက သတိပေးချက်ထုတ်ပြန်ထားသည်။ လာမည့်သီတင်းပတ်အတွင်း အကြိမ် ၁၀၀ လျှင် တစ်ကြိမ်ခန့် ငလျင်ပြင်းအား ၈ မဂ္ဂနီကျူအဆင့်ကျော်လွန်သည့် ငလျင်ကြီး



လှုပ်ခတ်နိုင်ခြေရှိသည်ဟု မှတ်ချက်ပြုဖော်ပြထားသည်။

လာမည့်သီတင်းပတ်များတွင် ပြည်သူများကို သတိဝီရိယနှင့်နေထိုင်ရန် မိုးလေဝသအရာရှိများက အကြံပေးထားသည်။

**ဆင်ဟွာ**

# တရုတ်နိုင်ငံတစ်ဝန်း အအေးလှိုင်းကျရောက်မည်

**ပေကျင်း ဒီဇင်ဘာ ၁၀**

အမျိုးသား မိုးလေဝသဌာနက ဒီဇင်ဘာ ၁၀ ရက်တွင် အအေးလှိုင်းအတွက် အပြာရောင်သတိပေးချက်ထုတ်ပြန်ထားပြီး လေပြင်းတိုက်ခတ်မှုအတွက် သီးခြားအပြာရောင်သတိပေးချက် ထုတ်ပြန်ခဲ့သည်။

လာမည့်ရက် အနည်းငယ်အတွင်း တရုတ်နိုင်ငံမြောက်ပိုင်း၌ ယခုနှစ် ဆောင်းရာသီအတွက် နေရာအနှံ့အပြား အပူချိန်ကျဆင်းမှုနှင့် ပထမဆုံး မကြုံစဖူး အကြီးမားဆုံးသော ဆီးနှင်းကျဆင်းမှုများ ဖြစ်ပေါ်မည်ဟု ခန့်မှန်းထားသည်။

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း၊ မြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် ဒီဇင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ အပူချိန်များ သိသိသာသာကျဆင်းမည်ဟု ခန့်မှန်းထားသည်။ အအေးလှိုင်းကျရောက်မှုနှင့်အတူ အပူချိန်ရုတ်တရက်ကျဆင်းမှုနှင့် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပွားနိုင်ခြေရှိသည်ဟု မိုးလေဝသ ကျွမ်းကျင်သူများက သတိပေးထားသည်။

သက်ဆိုင်ရာအာဏာပိုင်များက အအေးဒဏ်ကာကွယ်ရန် ပြည်သူများကို ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားကြရန် တိုက်တွန်းထားသည်။

**ဆင်ဟွာ**



# ဆူဒန်နိုင်ငံ၌ ထွက်ပြေးတိမ်းရှောင်နေရသော ကလေးငယ်ငါးသန်းကို အကာအကွယ်ပေးနိုင်ရေး အရေးတကြီးလုပ်ဆောင်ရန် တောင်းဆို

**နယူးယောက် ဒီဇင်ဘာ ၁၀**

ဆူဒန်နိုင်ငံ၌ ပဋိပက္ခဖြစ်ပွားမှုကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသော ကလေးငယ်ငါးသန်းကို အကာအကွယ်ပေးနိုင်ရေး အရေးတကြီး လုပ်ဆောင်မှုများပြုလုပ်ရန် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) က ဒီဇင်ဘာ ၉ ရက်တွင် တောင်းဆိုထားသည်။

ဆူဒန်နိုင်ငံရှိ ဒါဖာနှင့် ကော်ဒိုဖန်ဒေသအများအပြားတွင် ငတ်မွတ်မှုဘေးနှင့် ကြုံတွေ့နေရကြောင်း ထုတ်ပြန်ကြေညာထားသည်။ ဆူဒန်နိုင်ငံတွင် လူပေါင်း ၁၀ သန်းခန့် ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်းနှင့် ထက်ဝက်ခန့်မှာ ကလေးသူငယ်များဖြစ်ကြောင်း၊ ယင်းပမာဏမှာ ကမ္ဘာပေါ်တွင် ဘေးလွတ်ရာတိမ်းရှောင်နေရသည့် ကလေးငယ်အရေအတွက် အများဆုံးဖြစ်ကြောင်း ယူနီဆက်ဖ်က ပြောသည်။

ကလေးသူငယ်များမှာ ပဋိပက္ခဖြစ်ပွားမှုများအတွင်း ပိတ်မိနေပြီး အစားအစာ၊ သန့်ရှင်းသော သောက်သုံးရေ၊ ဆေးဝါးထောက်ပံ့မှုများ ရရှိရန်အခက်အခဲများစွာ ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ နောက်ထပ် ထွက်ပြေးတိမ်းရှောင်နေကြရသော ကလေးငယ်များမှာ မောပန်းနွမ်းနယ်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်းတို့ဖြစ်ပေါ်နေပြီး အကာအကွယ်ပေးမှု၊ အာဟာရနှင့် ဆေးဝါးထောက်ပံ့မှုများ အရေးတကြီးလိုအပ်လျက်ရှိကြောင်း အေဂျင်စီက ပြောသည်။

ထောက်ပံ့ကူညီမှုများ အဆက်မပြတ်လုပ်ဆောင်လျက်ရှိသော်လည်း မလုံခြုံမှုများက ယူနီဆက်ဖ်၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများကို ဆက်လက်အဟန့်အတားဖြစ်စေကြောင်း၊ ဆူဒန်နိုင်ငံရှိ ဒါဖာနှင့် ကော်ဒိုဖန်ဒေသအများအပြားတွင် ငတ်မွတ်ခေါင်းပါးမှု အခြေအနေများကို အတည်ပြုထားပြီး အဆိုပါအခြေအနေများမှာ ပိုမိုကျယ်ပြန့်စွာ ပျံ့နှံ့သွားနိုင်သည့် အန္တရာယ်ရှိနေကြောင်း သိရသည်။

**ဆင်ဟွာ**

# အစ္စရေးဝန်ကြီးချုပ်နှင့် အမေရိကန်သမ္မတတို့ ယခုလအတွင်း ငြိမ်းချမ်းရေးအစီအစဉ် ဆွေးနွေးမည်

**ဝါရှင်တန် ဒီဇင်ဘာ ၁၀**

အစ္စရေးနှင့် ဟားမားစ်တို့ကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုစတင်ခဲ့သည်မှာ ဒီဇင်ဘာ ၁၀ ရက်၌ နှစ်လပြည့်ခဲ့ပြီဖြစ်သည်။ ယခုလကုန်ပိုင်းတွင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုသည် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံရန်စီစဉ်ထားသည်ဟု အစ္စရေးဝန်ကြီးချုပ်ရုံးက ဒီဇင်ဘာ ၈ ရက်တွင် ကြေညာခဲ့သည်။

ဒီဇင်ဘာ ၂၉ ရက်တွင် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နှင့်အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုတို့ တွေ့ဆုံမည်ဟု အစ္စရေးအစိုးရပြောရေးဆိုခွင့်ရှိသူ ရှော့ဘတ်ဒရိုရှင်က ပြောသည်။ ထိုသို့တွေ့ဆုံစဉ်အတွင်း အပစ်အခတ်ရပ်စဲရေး အစီအစဉ်၏ အနာဂတ်ခြေလှမ်းများနှင့် အဆင့်များကို ဆွေးနွေးသွားမည်ဟု ၎င်းက ဆက်ပြောသည်။

ငြိမ်းချမ်းရေးအစီအစဉ်သည် လက်ရှိတွင် ပထမအဆင့်တွင်သာ ရှိသေးသည်။ ဟားမားစ်တို့က နောက်ဆုံးလက်ကျန် ဓားစာခံ၏ ရုပ်အလောင်းကို ပြန်လည်လွှဲပြောင်းပေးပြီးနောက် ဒုတိယအဆင့်စတင်မည်ဟု ယူဆရသည်။

ဟားမားစ်တို့ လက်နက်ဖြုတ်သိမ်းရေးနှင့် ဂါဇာဒေသမှ အစ္စရေးတပ်ဖွဲ့ဝင်များ ဆုတ်ခွာပေးရေး တောင်းဆိုထားသည်။ သို့သော်လည်း ဟားမားစ်တို့က လက်နက်ဖျက်သိမ်းရေးကို လက်ခံရန် တွန့်ဆုတ်နေဟန်ရှိသည်။

ယခုလနှောင်းပိုင်းတွင် ငြိမ်းချမ်းရေးဘုတ်အဖွဲ့ စတင်ကြောင်း အမေရိကန် အစိုးရက ကြေညာရန် အစီအစဉ်ရှိသည်ဟု မီဒီယာများတွင် ဖော်ပြထားသည်။

အဆိုပါဘုတ်အဖွဲ့သည် ဂါဇာကမ်းမြောင်ဒေသ ပြန်လည်တည်ဆောက်ရေးနှင့် စီမံခန့်ခွဲရေးကို ကြီးကြပ်၍ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ဥရောပ၌ လျှပ်စစ်ကားထုတ်လုပ်ရန် ရီနော့နှင့် ဖို့ဒ်တို့ ပူးပေါင်းမည်

**ပါရီ ဒီဇင်ဘာ ၁၀**

ပြင်သစ်ကားကုမ္ပဏီ ရီနော့နှင့် အမေရိကန် ကားကုမ္ပဏီဖြစ်သည့် ဖို့ဒ်တို့သည် ဥရောပဈေးကွက်တွင် လျှပ်စစ်ကားထုတ်လုပ်ရန်အတွက် မဟာဗျူဟာမြောက် ပူးပေါင်းမှုပြုလုပ်ခဲ့ကြသည်။

ဥရောပ ဝယ်သူများအတွက် ဖို့ဒ်တံဆိပ်နှင့် ကွဲပြားသော လျှပ်စစ်ကားနှစ်မျိုးထုတ်လုပ်ရန် ရည်ရွယ်၍ မိတ်ဖက် သဘောတူညီချက်ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ကုမ္ပဏီက ဒီဇင်ဘာ ၉ ရက်တွင် ပြောသည်။ အဆိုပါ ကားမော်ဒယ်အသစ်များကို ဖို့ဒ်ကုမ္ပဏီက ဒီဇိုင်းထုတ်၍ ရီနော့ကုမ္ပဏီက ပြင်သစ်နိုင်ငံမြောက်ပိုင်းတွင် ထုတ်လုပ်သွားမည်ဖြစ်သည်။

အဆိုပါ ကားမော်ဒယ်အသစ်များကို ၂၀၂၈ ခုနှစ် အစောပိုင်းတွင် ကားပြခန်း၌ ပြသနိုင်ရန် မျှော်မှန်းထားသည်။ အမှတ်တံဆိပ်နှစ်ခုစလုံးအတွက် အပေါ့စား လုပ်ငန်းသုံးယာဉ်များ ထုတ်လုပ်နိုင်ရန် အခွင့်အလမ်းများ ရှာဖွေနေကြောင်း ကုမ္ပဏီနှစ်ခုစလုံးက ပြောသည်။

ဥရောပရှိ ဈေးကွက်နှစ်ခုစလုံးတွင် ယှဉ်ပြိုင်နိုင်စွမ်းကို ယခုလို ပူးပေါင်းမှုက တိုးမြှင့်ပေးနိုင်မည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ အကြီးဆုံး လျှပ်စစ်ကားထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် BYD သည် ဇန်နဝါရီလမှ အောက်တိုဘာလအထိရောင်းအား သုံးဆကျော်ရှိသည်ဟု ဥရောပကားထုတ်လုပ်ရေး အဖွဲ့အစည်းက ပြောသည်။ **အင်န်အိတ်ချ်ကေ**









မြန်မာ့သမဝါယမစတင်ခြင်း ၁၂၁ နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်

"လူမှုစီးပွားဘဝမြှင့်တင်ဖို့ သမဝါယမကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်စို့"



တပ်ကုန်းမြို့နယ်အတွင်း မဲရုံများဖွင့်လှစ်ထားရှိမည့် စာသင်ကျောင်းများ မီးဘေးကာကွယ်ရေး စစ်ဆေးခြင်းကို ဒီဇင်ဘာ ၁၀ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်နှင့် တပ်ဖွဲ့ဝင်များက မီးဘေးကာကွယ်ရေးစစ်ဆေးစဉ်။ တင်စိုးလွင်



ပေါင်မြို့နယ်၌ မဲပေးရန်နည်းလမ်းများ လက်ကမ်းစာစောင် ၄၀၀ ကို ဒီဇင်ဘာ ၁၀ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ ပူးပေါင်း၍ မင်္ဂလာဈေး၊ ကားဂိတ်၊ ဆိုက်ကားဂိတ်များ၌ ဖြန့်ဝေစဉ်။ မွန်မလေး(ပြန်/ဆက်)

## ရွှေတောင်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု မဲရုံများသို့ ကွင်းဆင်းဆောင်ရွက်

**ရွှေတောင် ဒီဇင်ဘာ ၁၀**

ရွှေတောင်မြို့နယ်တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြို့နယ်အတွင်းရှိ မဲရုံများသို့ ဒီဇင်ဘာ ၁၀ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



အဆိုပါ ကွင်းဆင်းရာသို့ ခရိုင်ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကာလလုံခြုံရေး ဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်မြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးဝင်းနှင့် အဖွဲ့ဝင်များက ရပ်ကွက်/ကျေးရွာအုပ်စုများတွင် မဲရုံအမှတ်(၁) နယ်မြေအတွင်းရှိ စာသင်ကျောင်း ၁၀ ကျောင်းတွင် မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲနှင့်တွေ့ဆုံ၍ ရွေးကောက်ပွဲကာလအတွင်း လုံခြုံရေး ဆောင်ရွက်ပေးမည့် အစီအမံများ ရှင်းလင်းပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကိုကိုမင်း(ပြန်/ဆက်)**

## လသာမြို့နယ် မဟာဗန္ဓုလလမ်းရှိ "ရွှေဇင်" အာမခံရွှေဆိုင်မှ ရွှေထည်ပစ္စည်းများနှင့် ငွေကျပ်သိန်း ၁၀၃၀ ကို သေနတ်ဖြင့် ခြိမ်းခြောက်၍ လုယက်ယူဆောင်ခဲ့သူများနှင့် ပူးပေါင်းပါဝင်သူတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ



ပြန်လည်သိမ်းဆည်းရမိသက်သေခံပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။



ပြစ်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် လက်လုပ်သေနတ်၏ မှတ်တမ်းဓာတ်ပုံ။



လုယက်မှုကျူးလွန်သူ တရားခံ(ဝဲမှယာ) အောင်ဇင်ကို၊ စိုးကို



လုယက်မှုဖြစ်စဉ်၌ ပါဝင်ခဲ့သည့် တရားခံများ (ဝဲမှယာ) သင်းမိုးကြူ၊ အောင်ဇင်ကို၊ စိုးကို၊ သန်းထွန်း

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ်(၃)ရပ်ကွက် မဟာဗန္ဓုလလမ်းရှိ "ရွှေဇင်" အာမခံရွှေဆိုင်မှ ရွှေထည်ပစ္စည်းများနှင့် ငွေကျပ်သိန်း ၁၀၃၀ ကို ဒီဇင်ဘာ ၅ ရက်က သေနတ်ဖြင့်ခြိမ်းခြောက်၍ လုယက်ယူဆောင်ခဲ့သူများနှင့် ပူးပေါင်းပါဝင်သူတို့အား သက်သေခံ ပစ္စည်းများနှင့်အတူ ဖော်ထုတ် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၅ ရက် နံနက် ၉ နာရီ ၁၀ မိနစ်တွင် လှိုင်မြို့နယ် အမှတ်(၁၄)ရပ်ကွက် မြကန်သာအိမ်ရာနေ ဦးစိုးငွေ (၆၀) နှစ်သည် "ရွှေဇင်" အာမခံရွှေဆိုင်၌ရောင်းချမည့် ရွှေထည်ပစ္စည်းများနှင့် ငွေကျပ်သိန်း ၁၀၃၀ တို့အား BGO-27 4S-4805 Faw TOYOTA BZ4X အဖြူရောင်ယာဉ်ဖြင့် သယ်ဆောင်လာပြီး ရွှေဆိုင်ရှေ့အရောက်၌ ကားပေါ်မှ ဆိုင်အတွင်း ရွှေ့ပြောင်းရန်ပြုလုပ်နေစဉ် အမျိုးသားနှစ်ဦး(စီစစ်ဆဲ)မှ ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး ဦးစိုးငွေနှင့် ဆိုင်ဝန်ထမ်းများအား သေနတ်ဖြင့် ခြိမ်းခြောက်ကာ ယာဉ်ပေါ်တင်ဆောင်လာသည့် ရွှေထည်ပစ္စည်းမျိုးစုံ ၃၉၁ ခု (ကာလတန်ဖိုးကျပ်သိန်း ၄၂၅၀) ခန့်နှင့် ငွေကျပ်သိန်း ၁၀၃၀ တို့ကို လုယက်ယူဆောင်သွားခဲ့သဖြင့် ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လသာမြို့မရဲစခန်း (ပ)အမှတ် ၅၂/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂ ဖြင့် အမှုဖွင့်ဆောင်ရွက်ခဲ့သည်။

ပြစ်မှု ကျူးလွန်သူများအား ဖော်ထုတ် ဖမ်းဆီးရမိနိုင်ရေး အတွက် ရဲတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ စုံစမ်းထောက်လှမ်းခြင်းများဆောင်ရွက်ခဲ့ရာ ယင်းနေ့ညနေ ၄ နာရီ ၅ မိနစ်တွင် တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ ပြစ်မှုကျူးလွန်သူများ ပြစ်မှုကျူးလွန်ပြီးနောက် ထွက်ပြေးတိမ်းရှောင်စဉ် ရန်ကုန်ဆေးရုံကြီးဝင်း လျှပ်စစ်ရုံးဟောင်း အဆောက်အအုံဘေး၌ ကျန်ခဲ့သည့် ခရီးဆောင်အိတ်တစ်လုံး အတွင်းမှ ရွှေသားဆွဲသီးမျိုးစုံ ၅၃ ခု၊ ကျောက်ပါရွှေဆွဲသီး ၂၆ ခု၊ ရွှေသားလက်စွပ် လေးကွင်း၊ ကျောက်ပါရွှေလက်စွပ် လေးကွင်း၊ ကျောက်ပါရွှေနားကပ် နှစ်ရန်၊ အလေးချိန် ၁၁ ကျပ် ခုနစ်ပဲ ခုနစ်ရွေး (ကာလတန်ဖိုး ကျပ်သိန်း ၁၀၀၀) ခန့် ထည့်ထားသည့် အနီရောင် ကတ္တီပါဘူး အကြီးနှစ်ခု၊ အရိုးအသွား ကိုးလက်မခန့်ရှိ ဓားဦးချွန် ဓားမြှောင်တစ်ချောင်း၊ အင်္ကျီလက်ရှည် သုံးထည်၊ ဘောင်းဘီအရှည် နှစ်ထည်၊ ဦးထုပ်နှစ်လုံးတို့ကို သိမ်းဆည်းရရှိခဲ့ကြောင်း၊ ထို့အတူ ဒီဇင်ဘာ ၆ ရက် ညနေ ၄ နာရီခွဲတွင် ပြစ်မှုကျူးလွန်သူများ အသုံးပြုခဲ့သည့် ဆိုင်ကယ်တစ်စီးနှင့် ရွှေထည်ပစ္စည်းများထည့်သည့် အနီရောင်ကတ္တီပါဘူးခွံ သုံးခုတို့ကို ထပ်မံသိမ်းဆည်းရရှိခဲ့သည်။

ဆက်လက်၍ ရဲတပ်ဖွဲ့ဝင်များသည် ပြစ်မှုကျူးလွန်သူများအား အမြန်ဆုံး ဖမ်းဆီးရရှိနိုင်ရေး ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူများဖြစ်သည့် သာကေတမြို့နယ် အမှတ်(၈)ရပ်ကွက် ရွှေအုတ်ဂူလမ်းနှင့် နိဗ္ဗာန်လမ်းထောင့်ရှိ "အောင်ဘရားသား" လက်ဖက်ရည်ဆိုင်ပိုင်ရှင် အောင်ဇင်ကို(၃၀) နှစ်နှင့် လက်ဖက်ရည်အဖျော်ဆရာ စိုးကို(၂၉) နှစ်တို့အား ဒီဇင်ဘာ ၉ ရက် နံနက် ၁၁ နာရီ မိနစ်၂၀ တွင် အဆိုပါလက်ဖက်ရည်ဆိုင်၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ၎င်းတို့သည် အခင်းဖြစ်နေ့က "ရွှေဇင်" အာမခံရွှေဆိုင်သို့ ရွှေထည်ပစ္စည်းများ လာရောက်ပို့ဆောင်သည့် မော်တော်ယာဉ်ပေါ်မှ ရွှေထည်ပစ္စည်းများနှင့် ငွေများအား သေနတ်ဖြင့် ခြိမ်းခြောက်၍ လုယက်ယူဆောင်ခဲ့ကြောင်း၊ ပြစ်မှုကျူးလွန်ပြီးနောက် အောင်ဇင်ကိုမှ စိုးကိုအား ငွေ ၁၀ သိန်းကျပ် ပေးခဲ့ကြောင်း၊ ပြစ်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့်သေနတ်၊ ရွှေထည်ပစ္စည်းအချို့နှင့် ငွေစက္ကူအချို့တို့အား အောင်ဇင်ကိုမှ ၎င်း၏ ယောက္ခမဖြစ်သူ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၃၂)ရပ်ကွက် ရတနာ(၂)လမ်း အမှတ်(၂၇၆)နေ ဦးသန်းထွန်း (၅၇)နှစ်၏ နေအိမ်၌လည်းကောင်း၊ ငွေကျပ်သိန်း ၂၇၀ အား အောင်ဇင်ကို၏ ဇနီး မသင်းမိုးကြူ(၃၀) နှစ်ထံတွင်လည်းကောင်း အပ်နှံသိမ်းဆည်းထားကြောင်း ဖော်ထုတ်သိရှိရသဖြင့် ပြန်လည်သိမ်းဆည်းနိုင်ရေး ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၉ ရက် ညနေပိုင်းတွင် ဦးသန်းထွန်းအား ၎င်း၏နေအိမ်အပေါ်ထပ် မျက်နှာကြက်အတွင်း သိမ်းဆည်းထားသည့် လက်လုပ်ပစ္စတိုသေနတ် တစ်လက်နှင့် ၎င်းကျည် ငါးတောင့် ထည့်ထားသော ဘေးလွယ်အိတ်တစ်လုံး၊ လက်စွပ်မျိုးစုံအကွင်း ၁၈၀၊ နားကပ်မျိုးစုံ ၅၈ ရန်တို့ ထည့်ထားသည့် ကျောပိုးအိတ် တစ်လုံး၊ ငွေကျပ်သိန်း ၁၅၀ ထည့်ထားသည့် ကြွပ်ကြွပ်အိတ် တစ်လုံးတို့ဖြင့်လည်းကောင်း၊ မသင်းမိုးကြူအား ၎င်း၏နေအိမ်မှ ငွေကျပ်သိန်း ၂၇၀ ဖြင့်လည်းကောင်း အသီးသီး ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှ လုယက်မှုကျူးလွန်ခဲ့ပြီး ဖမ်းဆီးရမိသည့် တရားခံ အောင်ဇင်ကို၊ စိုးကိုနှင့် လုယက်မှုကျူးလွန်ရာမှ ရရှိခဲ့သည့် ပစ္စည်းများအား လက်ခံထားရှိခဲ့သူများဖြစ်သည့် သန်းထွန်း၊ သင်းမိုးကြူတို့အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် သိမ်းဆည်းရန် ကျန်သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်း ရရှိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တာချီလိတ်၌ မြန်မာ-လာအို ချစ်ကြည်ရေးအသင်းရုံးခွဲ ဖွင့်လှစ်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မြန်မာ-လာအို ချစ်ကြည်ရေးအသင်း တာချီလိတ်ရုံးခွဲကို ဗိုလ်ချုပ်အောင်ဆန်းလမ်း ရှမ်းရိုးမကွင်းအတွင်း တာချီလိတ်မြို့၌ ယနေ့ နံနက် ၉ နာရီက ဖွင့်လှစ်သည်။

အခမ်းအနားတွင် မြန်မာ-လာအို ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဒေသခံ မြို့မိမြို့ဖများ၊ ဒေသတွင်းလုပ်ငန်းရှင်များက ရုံးခွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာ-လာအို ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးဝင်းမောင်က ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တာချီလိတ် မြို့မိမြို့ဖ ဦးထွန်းနေဦးက ဝမ်းမြောက်စကား ပြောကြားသည်။

မြန်မာ-လာအို ချစ်ကြည်ရေးအသင်းသည် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု၊ ရွှေ့ပြောင်းလုပ်သားများ တရားဝင်မှုနှင့် အခွင့်အရေး၊ ကူးသန်းရောင်းဝယ်ရေး၊ နှစ်နိုင်ငံလူငယ်များ အတွေ့အကြုံဖလှယ်ရေး၊ ယဉ်ကျေးမှုကိစ္စတို့တွင် အဆင်ပြေချောမွေ့အောင် ကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားဖွင့်ပွဲသို့ နေပြည်တော်နှင့် ရန်ကုန်မြို့အခြေပြု ဒုတိယဥက္ကဋ္ဌ ဦးမျိုးအောင်၊ အထွေထွေအတွင်းရေးမှူး ဦးကောင်းဇံတို့နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဖြင့် ဧည့်ခံကာ ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးမှုများ ဧည့်ပရိသတ်များကို ဒေသရိုးရာအစားအစာများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် ဒီဇင်ဘာ ၁၀**

တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ ဘိုကလေးမြို့နယ်သို့ ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာရှိ တိုက်နယ်ဆေးရုံ၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၉၈ ဦး၊ ခွဲစိတ်ရောဂါ ၂၃ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၇ ဦး၊ ကလေးရောဂါ ၂၁ ဦး၊ အရိုးရောဂါ ၁၄၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၂ ဦး၊ မျက်စိရောဂါ ၁၆၅ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၁ ဦး စုစုပေါင်း ဒေသခံပြည်သူ ၆၅၇ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ငါးဦး၊ မျက်စိခွဲစိတ်လူနာ လေးဦး၊ သွားနုတ်/သွားဖာလူနာ ၂၆ ဦး၊ ခါတ်မှန်ရိုက်လူနာ ၂၆ ဦး၊ အာထရာဆောင်းစက်ဖြင့် စမ်းသပ်စစ်ဆေး လူနာ ၅၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၈ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “KAY THWE” Facebook အကောင့်နှင့် “စပ်စုစိန်” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဗိုလ်ကုန်းရပ်ကွက်နေ ကေသွယ်ဝင်း(ခ)စပ်စုစိန်အား ညနေ ၅ နာရီခွဲတွင် လည်းကောင်း၊ “Zaw Win” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ရွာသစ်ကုန်းကျေးရွာနေ ဇော်ဝင်းထွန်း(ခ)ဇော်ဝင်းအား နံနက် ၁၀ နာရီခွဲတွင် လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

# ပြည်မြို့နယ်၌ ချည်မျှင်ရှည်ဝါ စံကွက်ရိတ်သိမ်း၊ တစ်ဧကအထွက်နှုန်း ၇၅၆ ပိဿာကျော်ထွက်ရှိ

**ပြည် ဒီဇင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်မြို့နယ်၌ ချည်မျှင်ရှည်ဝါ သီးနှံများ စတင်ကောက်သိမ်းလျက်ရှိရာ ယမန်နေ့က သစ်ချိုပင်အုပ်စု ကံစုကျေးရွာရှိ တောင်သူ ဦးတင်ထွန်း၏ TBL -195 ဝါမျိုးဖြင့် စိုက်ပျိုးထားသော ချည်မျှင်ရှည်ဝါစိုက်ကေ ၄ ဒသမ ၅၀ စံကွက်ရိတ်သိမ်းပွဲပြုလုပ်သည်။

ထို့နောက် စံကွက်အား ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် အထွက်နှုန်း ၇၅၆ ဒသမ ၂၁ ပိဿာ ထွက်ရှိခဲ့ပြီး အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ ပြည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးဇော်ဝင်းထွန်းနှင့် ပြည်ခရိုင်ဦးစီးမှူး ဦးအောင်စိုးမိုး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ဝါစိုက်တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။



**ကိုဆက်(ပြန်/ဆက်)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် ဘိန်းခင်းများအား ပူးပေါင်းအဖွဲ့များဖြင့် ဖျက်ဆီးရှင်းလင်း

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မြန်မာနိုင်ငံဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပိုမိုတိုးမြှင့်ဆောင်ရွက်လျက် ရှိသည့်အပြင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် ဘိန်းခင်းများ ဖျက်ဆီးမှုကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့ အပါအဝင် ဆက်စပ်ဦးစီးဌာနများပါဝင်သော ပူးပေါင်းအဖွဲ့များ၊ နယ်မြေခံ ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၉ ရက်နှင့် ယနေ့တို့တွင်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ဆင်ခြေဖုံးကျေးရွာအုပ်စု လုံအောင်ကျေးရွာ၏ အနောက်တောင်ဘက် နှစ်မိုင်ခန့်အကွာရှိ အမြင့်နှစ်ပေခွဲ သီးပွင့်ဆဲ ဘိန်းခင်း ၃၅ ဧကကိုလည်းကောင်း၊ စံဖူးကျေးရွာ၏ အနောက်တောင်ဘက် နှစ်မိုင်ခန့်အကွာရှိ အမြင့် သုံးပေခွဲ သီးပွင့်ဆဲ ဘိန်းခင်း ၂၅ ဧကအား လည်းကောင်း၊ တောင်နောက်ကျေးရွာအုပ်စု တောင်နောက်ကျေးရွာ၏ အနောက်တောင်ဘက် သုံးမိုင်ခန့်အကွာရှိ အမြင့် သုံးပေ သီးပွင့်ဆဲ ဘိန်းခင်း ကေ ၃၀ နှင့် ကျေးရွာ၏ အနောက်ဘက် သုံးမိုင် လေးဖာလုံခန့်အကွာရှိ အမြင့် သုံးပေ သီးပွင့်ဆဲ ဘိန်းခင်း ၂၅ ကေ အား လည်းကောင်း စုစုပေါင်း ဘိန်းခင်း ၁၁၅ ကေတို့အား သွားရောက်ဖျက်ဆီးခဲ့ကြောင်းနှင့် ဘိန်းခင်း ဖျက်ဆီးမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မဖျက်ဆီးမီပုံ



ဖျက်ဆီးပြီးပုံ



**သတင်းစဉ်**

## သန်လျင်မြို့နယ်၌ တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေး

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၌ (၂၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အကြိုကွင်းဆင်း ဆေးကုသခြင်းကို ဒီဇင်ဘာ ၉ ရက်က ကွမ်းခြံကုန်းကျေးရွာဘုန်းတော်ကြီးသင် ပညာရေးကျောင်း (ရွှေကျင်)ကျောင်းတိုက် ဓမ္မာရုံ၌ ဆောင်ရွက်ခဲ့ကြသည်။



ထိုသို့ ကွင်းဆင်းကုသရာတွင် တိုင်းဒေသကြီး ဦးစီးဌာနမှူး ဒေါ်ရီရီစန်း ဦးဆောင်၍ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ကြည်ကြည်ခင်၊ တောင်ပိုင်းခရိုင်မှ ခရိုင်တိုင်းရင်းဆေးမှူး ဒေါ်သန်းသန်းဆွေနှင့် မြို့နယ်တိုင်းရင်းဆေးကုဌာနများပူးပေါင်း၍ ကွမ်းခြံကုန်းကျေးရွာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း(ရွှေကျင်) ကျောင်းတိုက်မှ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများအား တိုင်းဒေသကြီး ဦးစီးဌာနမှူးက တိုင်းရင်းဆေးအကြောင်း သိကောင်းစရာများနှင့်ပတ်သက်၍ ဟောပြောပြီး လူနာစုစုပေါင်း ၁၇၁ ဦးတို့အား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## ညောင်လေးပင်မြို့၌ တီဘီရောဂါရှာဖွေခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ညောင်လေးပင် ဒီဇင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ တိုင်းဒေသကြီး တီဘီရောဂါ တိုက်ဖျက်ရေးဌာနနှင့် မြို့နယ်တီဘီရောဂါ တိုက်ဖျက်ရေးဌာနတို့ပူးပေါင်း၍ TB Mobile Team အနေဖြင့် တီဘီရောဂါရှာဖွေခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက မြို့နယ်စားသုံးသူရေးရာဦးစီးဌာနရုံးဝင်းအတွင်း၌ ကွင်းဆင်းဆောင်ရွက်သည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မိဘပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပေးခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်းနှင့် သံသယလူနာများအား ဒစ်ဂျစ်တယ်ဓာတ်မှန်စက်ဖြင့် ဓာတ်မှန်ရိုက်စစ်ဆေးပေးခြင်းများကို မြို့နယ်ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာစောကလျာ ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ပေးပြီး ယင်းသံသယလူနာများထဲမှ တီဘီလူနာများအား ချက်ချင်းဆေးကုသပေးခြင်း၊ သလိပ်စစ်ဆေးရန် လိုအပ်သောလူနာများကို တိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေးဌာနသို့ ပေးပို့၍ Gene X-pert စက်ဖြင့် စစ်ဆေးခြင်းလုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နီနီဝင်း(ပြန်/ဆက်)**

## ဒေးဒရဲ၌ သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံ

**ဒေးဒရဲ ဒီဇင်ဘာ ၁၀**

ဒေးဒရဲမြို့နယ်အတွင်းရှိ အသက်ကိုးနှစ်ပြည့်ပြီး ၁၂ နှစ်မကျော်သော မိန်းကလေးငယ်များအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး(HPV)ထိုးနှံခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာချိုချိုဝင်းက မြို့နယ်အတွင်းရှိ သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံရန် အကျုံးဝင်သည့် အမျိုးသမီးငယ်များအား ကျောင်းအခြေပြု၊ ပြည်သူအခြေပြုထိုးနှံပေး



သွားမည့်လုပ်ငန်းများကို ရှင်းလင်းဟောပြောပြီး မိန်းကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

**အေဇာလင်း**

## မော်လမြိုင်ကျွန်းမြို့နယ်၌ မျိုးစေ့ချကိရိယာများပေးအပ်



**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၁၀**

မော်လမြိုင်ကျွန်းမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မျိုးစေ့ချကိရိယာများ ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ရောခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးက မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းကြောင့် ရရှိမည့်အကျိုးကျေးဇူးများကို ပြောကြားသည်။ ထို့နောက် တက်ရောက်ကြသော တောင်သူများထံသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး အောင်ဘုန်းမာန်၊ ခရိုင်စက်မှုလယ်ယာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်ဦးနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးတို့က လက်ဆွဲ မျိုးစေ့ချကိရိယာများ ပေးအပ်ခဲ့သည်။

**ရဲကိုမောင်(ပြန်/ဆက်)**

## ဘုတ်ပြင်းမြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**ဘုတ်ပြင်း ဒီဇင်ဘာ ၁၀**

ဘုတ်ပြင်းမြို့နယ် သစ်တောဦးစီးဌာနက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၉ ရက်က ချောင်းကဖီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ အထက ချောင်းကဖီးကျောင်းအုပ်ဆရာမကြီးက အသိပညာပေးဟောပြောပွဲ ပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစောလူးသယ်ရွှေက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာများကို အသိပညာပေးပြောကြားသည်။ ယင်းနောက် သစ်တောဦးစီးဌာနဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ သစ်တောထိန်းသိမ်း



ရေး၊ သစ်ပင်စိုက်ပျိုးခြင်းကြောင့် သဘာဝဘေးဒဏ်များမှ ကာကွယ်ပေးခြင်းဆိုင်ရာ ဗီဒီယိုကလစ်ကို ပြသခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို မြို့နယ်အဆင့် ထက်၊ လယ်၊ မူ စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**နောင်ချို ဒီဇင်ဘာ ၁၀**

နောင်ချိုမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို မြို့နယ်အဆင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်း စာစီစာကုံးပြိုင်ပွဲကို ဒီဇင်ဘာ ၉ ရက်က မြို့နယ်ပညာရေးမှူးရုံး၌ ကျင်းပသည်။

အဆိုပါ စာစီစာကုံးပြိုင်ပွဲကို မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်အေးအေးသင်း၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခဲ့ပြီး ပြိုင်ပွဲသို့ မြို့နယ်အတွင်းရှိအခြေခံပညာကျောင်းမှ ကျောင်းသား ကျောင်းသူအထက်တန်းအဆင့် ရှစ်ဦး၊ အလယ်တန်းအဆင့် ၁၀ ဦး၊ မူလတန်းအဆင့် ၁၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ကျောက်ဖြူမြို့၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျောက်ဖြူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမင်းသူနှင့် ကော်မတီအဖွဲ့ဝင်များ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများပူးပေါင်း၍ မြေစိုက်ပိုစတာစိုက်ထူပွဲကို ဒီဇင်ဘာ ၁၀ ရက်က အလယ်ပိုင်းရပ်ကွက်ရှိ လူစည်ကားရာ နာရီစင်ကွင်း၌ ပြုလုပ်စဉ်။

တင်ထွန်းဦး(ပြန်/ဆက်)



သီပေါမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများအားလုံး ပါဝင်ဆန္ဒမဲပေးနိုင်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများက ရွေးကောက်ပွဲအသိပညာပေး လက်ကမ်းစာစောင်များကို ဒီဇင်ဘာ ၁၀ ရက်က ဖြန့်ဝေစဉ်။

မြို့နယ်(ပြန်/ဆက်)



ပုလောမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး တိုက်ဆိုင်စစ်ဆေးခြင်းကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံး၌ ဒီဇင်ဘာ ၁၀ ရက်က ဆောင်ရွက်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဇာကျော်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးနေဝင်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးစဉ်။

အေးအေးမော် (ပြန်/ဆက်)

တရားမပုံစံအမှတ် ၉၄ ဤပုံစံကို အသုံးပြုရန်အတွက်၊
တရားမပုံစံအမှတ် ၉၆ ကိုကြည့်

## ရောင်းချရန် ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၆၆)
## ဗိုလ်တထောင်ခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၈

ဒေါ်စန်းစန်းရီ နှင့် ၁။ ဦးသိန်းမော်(ကွယ်လွန်သူ (၁)တရားရှုံး ဒေါ်ရီလေးလွင်၏ တရားဝင်ကိုယ်စားလှယ်)
၂။ ဒေါ်မေသက်ထားအောင်
၃။ ဦးဇေယျ(ကွယ်လွန်)

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်-၂၁၈/၂၀၂၂ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင် ဖော်ပြထားသော ပစ္စည်းကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် ၊ နံနက် ၁၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံရောင်းချမည့်ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ် ၅၂၅/က၊ (၈)ထပ်တိုက်အဆောက်အအုံ၏ ပထမထပ် (ဝဲဘက်)၊ အကျယ်အဝန်း (၁၅.၄ ပေ x ၉၈ ပေ)ခန့်ရှိ တိုက်ခန်း(၁)ခန်း အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး

**ကြမ်းခင်းဈေး - သိန်း (၄၀၀၀/-) (ကျပ်သိန်းလေးထောင်)**

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရသိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွဲလွဲခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်ယူမည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ်-၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ (၁၅) ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ (၁၅) ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကြေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကို ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

(တင်မာဝင်း)
ဒုတိယခရိုင်တရားသူကြီး(၁)
ဗိုလ်တထောင်ခရိုင်တရားရုံး

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၂၂ )
## နမ့်စန်မြို့နယ်တရားရုံးတော်၌
## ၂၀၂၁ ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၁၇ နှင့်ဆက်နွှယ်သည့်
## ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၁

ဒေါ်နန်းနွန်းမို နှင့် ၁။ ဦးတဆွမ်း
၂။ ဒေါ်နန်းစန်း

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

၁။ လွိုင်လင်မြို့နယ်၊ တောင်နောက်ကျေးရွာအုပ်စုနေ ဦးတဆွမ်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂။ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ နောက်လိမ်ရွာ၊ အမှတ် (၅၃၁) ခြေလျှင်တပ်ရှေ့၊ ၁၈ အိမ်ရာ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

၂၀၂၁ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၇ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရရှိသူက လျှောက်ထားသည် ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဖြိုးကေသီလှိုင်)
မြို့နယ်တရားသူကြီး
နမ့်စန်မြို့နယ်တရားရုံး

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့**
**သဘာဝ တောတွေ ထိန်းသိမ်းစို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၅၄

ဒေါ်လုံးရီ နှင့် ဦးသန်းထွန်း (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်ယုယုဇော်)

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပတ်ကုန်းဝန်းကျင်ရပ်၊ အကွက်-၇၃၀၊ ၇၂ လမ်း၊ ၂၉ x ၃၀ လမ်းကြားနေ ဦးသန်းထွန်း(ဘ)ဦးလှမောင် (၎င်း၏အထူး ကိုယ်စားလှယ်စာရသူဒေါ်ယုယုဇော် (ဘ) ဦးစိန်တင်) (ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

တရားပြိုင် ဦးသန်းထွန်း (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်ယုယုဇော်) သင့်အပေါ်၌ တရားလို ဒေါ်လုံးရီက ပြည်ကြီးတံခွန်မြို့နယ်၊ (စ) ရပ်ကွက်၊ အကွက်အမှတ် (တတ-၁၅) ဦးပိုင်အမှတ် (၇၆) ဧရိယာ(၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးသန်းထွန်း(ရဲအရာခံ) အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်း ရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အင်ကြင်းဖူး)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
## အောင်မြေသာစံခရိုင်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၂
### ကွယ်လွန်သူ ဦးသန်းဝင်း၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ငွေတောင်ကျေးရွာအုပ်စု၊ ကုလားကြီးခြံကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးသန်းဝင်း၏ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာထုတ်ပေး ပါမည့်အကြောင်းနှင့် ဒေါ်လှတင့်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ခုနှစ်၊ ဇန်နဝါရီလ ၆ရက် (၁၃၈၇ခုနှစ်၊ ပြာသိုလဆုတ် ၄ ရက်) တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးသန်းဝင်း၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွား သက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင် )ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက် (၁၃၈၇ခုနှစ်၊ ပြာသိုလဆုတ် ၄ ရက်) ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံ ခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်လှတင့် ၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဒေါ်တင်သန်း)
ခရိုင်တရားသူကြီး
အောင်မြေသာစံခရိုင်တရားရုံး

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

တောင်ငူမြို့၊ (၁)ရပ်ကွက်၊ အကွက်အမှတ်(၁)၊ ထီးလှိုင်၊ ဦးပိုင်အမှတ်(၁၁၃-စ)၊ ဧရိယာ(၀.၀၉၀)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-
(က) မြောက်လားသော်-ဦးပိုင်(၁၁၃-က)၊ (ခ)တောင်လားသော်-ထီးလှိုင်လမ်း၊ (ဂ) အရှေ့လားသော်- ဦးပိုင်(၁၁၃-င)၊ (ဃ)အနောက်လားသော်- လမ်း

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်ရီရီထွန်း မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၂) ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊ တောင်ငူမြို့နယ်မြေစာရင်းဦးစီးဌာန၊ တောင်ငူမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/49995 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းအောင် ၇/ညလပ(နိုင်)၀၈၂၈၀၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ပဲခူး)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2G/9463 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်းထွန်း ၁၂/တတန(နိုင်)၁၆၃၉၅၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့




## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ ကွင်း အကွက်အမှတ် ( RA - VI / ကွက်ပြင် - ၆ ) ဦးပိုင်အမှတ် ( ၆ က/ ၆၄)၊ မြေဧရိယာ (၀.၁၄၇)ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးပြည့်ဖြိုးမောင် ( ၉/မခန(နိုင်)၁၆၂၉၄၆ ) မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်တန်းနယ်မြေ၊ မျက်တန်းလမ်း၊ အိမ်အမှတ်(၂၁/ဘီ)ရှိ မြေဧရိယာ (၀ဒသမ၀၀၈၆)ဧက၊ (၉x၄၂)ပေ ရှိ မြေနှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင် လက်ရှိထားပိုင်ဆိုင်ခွင့်ရှိပြီး စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ အမွေဆိုင်အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးနေမျိုးသန်း (ဘ)ဦးသန်းမြင့် (၃/ကကရ(နိုင်)၀၀၀၈၈၃) နှင့် ဒေါ်သန္တာဝေ (ဘ)ဦးတင်ဦး (၁၀/မလမ(နိုင်)၁၈၁၁၁၇) တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မိပန်းဌေး (ဘ) ဦးဂွိ (၁၀/မလမ(နိုင်)၀၂၆၇၇၂) မှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ယင်းမြေကွက် ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း တရားဝင်စာရွက်စာတမ်းအထောက်အထား မူရင်း များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်မိပန်းဌေး**
**၁၀/မလမ(နိုင်)၀၂၆၇၇၂**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမင်းလတ်**
**အထက်တန်းရှေ့နေ (စဉ်-၅၄၃၈၀)(၂၀၂၁)**
**အမှတ်(၂၆)၊ မျက်တန်းလမ်း၊ ဖက်တန်းရပ်ကွက်၊ မော်လမြိုင်မြို့၊**
**ဖုန်း-၀၉-၅၆၇၀၅၂၇၊ ၀၉-၇၈၅၆၇၀၅၂၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အနောက်မင်းလမ်း၊ ကွင်းအမည်-ပန်းဘဲတန်းကွင်း၊ ကွင်းအမှတ်-(၁၁၄၆က)၊ ဦးပိုင်အမှတ်-၁၂/ခ/၁၊ ဦးထွန်းခင် အမည်ပေါက် မြေကွက်ကြီးအနက်မှ အိမ်အမှတ်(အ/၃၀) ဧရိယာမျက်နှာစာ(၂၀)ပေ၊ နောက်ဘက်(၁၈.၆ပေ)နှင့် အရှည်ပေ(၁၀၅.၅)ပေမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းအဆိုပြုလာသူဦးသိန်းဆွေ (၁၂/လကန(နိုင်)၁၂၇၈၁၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်မောင်ညွန့် (၁၃/မပတ(နိုင်)၀၀၂၅၀၁)က အပြီးအပိုင်ဝယ်ယူရန် သဘောတူပြီး စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက် လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်း အပြည့်အစုံနှင့်အတူ ယခုသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးမမ (စဉ်-၁၃၆၂၈) တရားလွှတ်တော်ရှေ့နေ**
**၈၂/၁၁၅၊ကုန်သည်လမ်း၊ဈေးကြီးရပ်ကွက်၊ လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- 09-267188569**

## ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၁)ရပ်ကွက်၊ ရွှေဝဏ်၊ ရတနာအိမ်ရာစီမံကိန်း၊ ရွှေချမ်းသာအိမ်ရာ၊ (၁၄)ဘီ၊ အခန်းအမှတ် (၁၅-၃၃၃) အကျယ်အဝန်း ဧရိယာ (၄၇၀) စတုရန်းပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ဝယ် ပိုင်ဆိုင် အကျိုးခံစား ခွင့်ရရှိသူ ဦးလင်းထက်အောင် ၉/မကန(နိုင်)၁၀၃၆၇၆ နှင့် ဒေါ်အိခင်ဖြူ (၁၂/ဥကတ(နိုင်)၁၆၄၅၄၈) တို့မှ ရောင်းချရန် ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ပန်းနုပြုံး (၁၂/ကတတ(ဧည့်)၀၀၁၀၄၅) က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၄) ရက်အတွင်း တိကျခိုင်လုံသော အထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား တရားဝင်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်ခင်(LL.B,LL.M, DBL,DML)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၅၇)**
**ဖုန်း-၀၉-၄၂၁၀၉၈၇၈၅၊ ၀၉-၆၆၃၉၁၀၉၂၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၁၈)၊ မြေကွက် အမှတ်(၆၂၆) ၊ အောင်သပြေလမ်းသွယ်၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ဦးစိုးသိန်း (AA-075466) အမည်ပေါက် ပါမစ်မြေကွက်အနက် မှ အကျယ် အဝန်း(၂၀ပေx၆၀ပေ) (မြေကွက်အမှတ် - ၆၂၇ နှင့် ကပ်လျက်အခြမ်း) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များဖြင့်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးစည်သူအောင်(ခ) ထွဋ်မြတ်အောင် (၁၂/ဗဟန(နိုင်)၀၈၉၃၇၂)မှ အဆိုပါအိမ်နှင့် မြေအား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း တိကျခိုင်မာသောစာရွက်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးယုထွေး(LL.B ) အထက်တန်းရှေ့နေ(စဉ်-၅၆၆၅၀)**
**အမှတ်-၂၂၁၊ ၃၅လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**Ph-09-421155806**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1H/9961, Mazda Familia VFY11 S/W (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးဝင်း ၇/ပခန(နိုင်)၂၃၅၇၄၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ရန်ကုန်မြောက်ပိုင်း)
အင်းစိန်မြို့

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ - ၁နှင့် ၅)
### မြောက်ဥက္ကလာပမြို့နယ်တရားရုံး
### ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၈

ဦးမျိုးလင်း နှင့် ဒေါ်ခင်ချို
(တရားလို) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၆) ရပ်ကွက်၊ အင်း၀လမ်း၊ အမှတ် (၄၂၉) နေ ဒေါ်ခင်ချို (ယခုနေရပ်လိပ်စာမသိ ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "အိမ်ခြံမြေအရောင်းအ၀ယ် မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု "လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှု၌စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီတွင် အထက်အမည် ရေးသားပါရှိသူ တရားပြိုင်မှ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလုပ်လိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မြတ်ဖုန်း)
တွဲဖက်မြို့နယ်တရားသူကြီး (၂)
မြောက်ဥက္ကလာပမြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၃၄

၁။ ဒေါ်ခင်မြင့် နှင့် ဦးတင်မောင်ဆွေ
၂။ ဦးမောင်မောင်လှ
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက် (အ-၂၁)၊ လမ်း ၁၂၀ ၊ ၆၈x ၆၉ လမ်းကြားနေ ဦးတင်မောင်ဆွေ(ဘ)ဦးထွန်းဆိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်မြင့်နှင့်ဦးမောင်မောင်လှတို့က မန္တလေးမြို့၊ (ယခင်)ပုသိမ်ကြီးမြို့နယ်၊ ကွင်း/အကွက်အမှတ်(ညည-၁)၊ (ယခု) ပြည်ကြီးတံခွန်မြို့နယ်၊ (၎)ရပ်ကွက်၊ အကွက်အမှတ်(ညည-၁)၊ ဦးပိုင်အမှတ် (၆၀)၊ ဧရိယာ (၀.၀၅၅၁)ကေ အကျယ်အ၀န်းရှိ ဦးတင်မောင်ဆွေ အမည်ပေါက် ဂရန်မြေကွက်အား အရောင်းအ၀ယ် မှတ်ပုံတင်စာချုပ်ချုပ် ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်း လင်းရန် ရုံးတော်သို့လာရောက်ရမည်။၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစ ရှိသည်တို့ကိုသင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သဲမာဖြိုးဦး)
ဒုတိယမြို့နယ်တရားသူကြီး(၂)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
### တောင်ကြီးမြို့နယ်တရားရုံးတော်
### ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၈၉

ဦးစိုင်းနော်ခမ်းဦး နှင့် ဒေါ်နန္ဒာအောင်
(တရားလို) (တရားပြိုင်)

တောင်ကြီးမြို့၊ စိန်ပန်းရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ်(၅၄၄) နေ ဒေါ်နန္ဒာအောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစိုင်းနော်ခမ်းဦးက **"လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု"** နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက် (၁၃၈၇ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စည်းစိမ်မှူး)
ဒုတိယမြို့နယ်တရားသူကြီး (၁)
တောင်ကြီးမြို့နယ်တရားရုံး

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ သဲကုန်းမြို့နယ်၊ မြို့မရပ်ကွက်(၁)၊ ဘုရားကြီးလမ်းနေ ဦးခင်မောင်ဇော်၏ အမည်မှန်မှာ ဦးခင်မောင်မော် ၇/သကန(နိုင်)၀၀၄၃၆၄ ဖြစ်ပါကြောင်း။

**ဦးခင်မောင်မော်**
**၇/သကန(နိုင်)၀၀၄၃၆၄**

## အမည်မှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အမှတ် (၄) ရပ်ကွက်၊ ဘောဂဗလရပ်နေ ဦးရွှေငဲ ၉/မဟမ(နိုင်)၀၁၁၀၈၃ - ဒေါ်ခင်ချိုဆက် ၁/ရကန(နိုင်)၀၄၈၂၃၈ တို့၏သား မောင်သက်မှူးပိုင်၏အမည်မှန်မှာ မောင်ဟိန်းခန့်ရှင်း ဖြစ်ပါကြောင်း။

## 3/E Result Sheet ပျောက်

(ဘ) ဦးမြင့်ဇော်၏သား မောင်ကျော်ရဲဟိန်း ၁၂/သလန(နိုင်)၁၀၄၇၇၇ (CDC 80742) ၏ 3/E Result Sheet မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၆၃၄၈၈၇၄**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
### ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၆၀

ဦးမိုးကျော် နှင့် ဦးကျော်သိန်း
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊( ၈)ရပ်ကွက်၊ ၁၁၉လမ်း၊ ၆၇x၆၈ လမ်းကြား၊ အကွက်အမှတ် ( အ - ၆ / ၅၀)နေ ဦးကျော်သိန်း(ဘ) ဦးဘအိမ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမိုးကျော်က မန္တလေးမြို့၊ (ယခင်) အမရပူရမြို့နယ်၊ ဖျောက်ဆိပ်ကုန်း၊ ကွင်းအမှတ် ( ၅၁၇ -က) ၊ (ယခု) ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်( ၃၃ - ၁၀ )၊ ဦးပိုင်အမှတ်(၄)၊ ဧရိယာ (၀.၀၅၅)ကေ အကျယ်အ၀န်းရှိ ဦးကျော်သိန်း အမည်ပေါက်ဂရန်မြေကွက်အား အရောင်းအ၀ယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဆွေမာလှိုင်)
ဒုတိယမြို့ နယ်တရားသူကြီး(၃)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ ကွင်း/အကွက်အမှတ် (RA-IV/ကွက်ပြင်-၄)၊ ဦးပိုင်အမှတ် (၆-ကင + ၆-ယ)၊ မြေဧရိယာ(၀ဒသမ၀၇)ကေရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ပေါင်း၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးကျော်ဇင်ထက် ၇/မလန(နိုင်)၀၆၆၁၀၄ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့ ၊ ရပ်ကွက်ကြီး (၆)၊ ကွင်း/အကွက်အမှတ် ( RA-IV/ကွက်ပြင် - ၄)၊ ဦးပိုင်အမှတ် (၆ - ဠ+ ၆ -အ)၊ မြေဧရိယာ (၀.၀၈) ကေရှိ မြေကွက်အား မြေငှားဂရန်(ဦးပိုင်ပေါင်း၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်မြင့်မြင့်ချို (၁၂/ရပသ(နိုင်)၀၇၈၀၇၄) မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

